# ခေတ်ဟောင်းဝတ္ထုတိုများ

၁၉၃၄ - ၃၅ ၃၆ ခုနှစ်က
[illegible]
[illegible]
ဝတ္ထုတိုကောင်းလေးများ



# မာတိကာ


| | | |
|---|---|---|
| ၁။ | မြင်စဦး ကြင်စထူး | ၁ |
| ၂။ | လူပါးသံပုံးထိ | ၁၈ |
| ၃။ | မသွေမလှန် | ၂၉ |
| ၄။ | ဘိုးကျန်ရစ် | ၄၈ |
| ၅။ | မောင်ဘိုးသီနှင့် မောင်ဘိုးရီ | ၅၆ |
| ၆။ | ပြဿဒါးနေ့ | ၈၆ |
| ၇။ | အတွေးရခက်တဲ့ ဧည့်သည် | ၉၈ |
| ၈။ | မယားနှင့် အလုပ် | ၁၀၇ |
| ၉။ | ရွှေဟင်္သာ၏ မာနရှင် | ၁၁၄ |
| ၁၀။ | ရဲရဲကြည့်လို့ ဒဏ်ထိသည် | ၁၂၄ |
| ၁၁။ | ဪ . . . ဒီလိုကိုး | ၁၃၉ |
| ၁၂။ | လက်ဝှေ့ထိုးမှ ကိုယ်ကျိုးရှိမည် | ၁၅၇ |
| ၁၃။ | ဘယ်သူ့လက်ချက်လဲ | ၁၈၄ |
| ၁၄။ | နေရာလုံးလုံး မရနိုင်ဘူး | ၂၀၂ |
| ၁၅။ | တစ်ချက်တည်း သက်သေခံ | ၂၂၈ |

| | | |
|---|---|---|
| ၁၆။ | ယောဂီမ | ၂၄၈ |
| ၁၇။ | ချစ်မျိုးအမှန် | ၂၈၈ |
| ၁၈။ | ကြုံလေ- ဘုံဘွေ | ၃၂၅ |
| ၁၉။ | သောင်းခင်- လေးရင် | ၃၈၃ |
| ၂၀။ | ခိုင်သစ္စာ | ၄၀၁ |
| ၂၁။ | စုံထောက်တုတ်ပေါကြီး | ၄၆၉ |
| ၂၂။ | ခင်ခင်မေ | ၄၇၉ |
| ၂၃။ | သူဌေးဦးသက်ဖေ သတ်မှု | ၅၁၂ |
| ၂၄။ | ကုန်စုံတိုက်ကြီး အရှုပ်တော်ပုံ | ၅၃၁ |
| ၂၅။ | ချစ်တဲ့လူ | ၅၄၈ |
| ၂၆။ | သူငယ်ချင်းကို ကူမိလို့ | ၅၆၅ |
| ၂၇။ | ဘာဘာကို ဘယ်သူသတ်သလဲ | ၅၈၀ |
| ၂၈။ | ချစ်ချစ် | ၅၉၉ |
| ၂၉။ | မေခင်သက် | ၆၁၀ |
| ၃၀။ | ဘယ်သူ့လက်ချက်လဲ အဖြေ | ၆၅၂ |


❐

# မြင်စဦး ကြင်စထူး

အယ်ဒီတာနှင့် သတင်းစာတိုက်ပိုင်ရှင် ဦးဘိုးထွန်းမှာ ၎င်း၏ ရှေ့တွင် ကြောက်လန့်တုန်လှုပ်သော အမူအရာနှင့် ရပ်ပြီးလျှင် လက်ကလေးများ တဆတ်ဆတ်တုန်လျက်ရှိသော၊ မိန်းမပျိုကလေးအား များစွာဒေါသထွက်သော အမူအရာဖြင့် မြည်တွန်တောက်တီးကာ နေလေ၏။

ထိုမိန်းမပျိုကလေးမှာ လှပသည်ဟု ဆိုလောက်သည်ထက်၊ သနားစရာကောင်းသည်ဟု ဆိုထိုက်သဖြင့်၊ ၎င်း၏ ကြည်လင်ပြူးကျယ်ပြီးလျှင် မျက်ရည်ဝိုင်းမတတ်ရှိသော မျက်လုံးမှာ ၎င်း၏ အပြစ်ကင်းသော မျက်နှာ၊ နီတျာတျာရှိသော နှုတ်ခမ်း၊ မချွန်လွန်း– မဝိုင်းလွန်းသော မေးအကျတို့မှာ၊ လှပ ခြင်းမူရာနှင့် သနားစရာ အသွင်တို့သည် ရောတင်ထွေးယှက်လျက်ရှိလေ၏။

ထွန်း။ ။ ဉာဏ်– ဉာဏ်– အဲဒီ ဉာဏ်ဟာ လောကမှာ အရေးကြီးတာပဲ။ ခင်ခင်မေ၊ လက်ရေးတိုရေးပြီး စာလုံးရိုက်တဲ့အလုပ်ဟာ ကူလီလုပ်တဲ့ အလုပ်မျိုးလို လက်ရုံးအားကိုး သက်သက်မဟုတ်ဘူး၊ ဉာဏ်ထက်ပြီး လုပ်ရတယ်။ ခင်ခင်မေကို ဒါလောက် လခကြီးပေးပြီး ငှားထားတာဟာ၊ လက်ရုံးအားကိုးလုပ်ဖို့ သက်သက်မဟုတ်ဘူး၊ ဉာဏ်ထက်ပြီး အလုပ်လုပ်ဖို့ ငှားတာကို နားလည်ရဲ့ မဟုတ်လား။

ဤကဲ့သို့ ပြောသောစကားကို ကြောက်အားနှင့် နားထောင်နေသော

ခင်ခင်မေမှာ ပြန်၍ပြောရန်၊ ကောင်းစွာမရဲလှသော်လည်း “တစ်လ တစ်ရာ လောက်ကတော့ လခကြီးလို့ မခေါ်လောက်ပါဘူး”ဟု ရုတ်တရက် နှုတ်က ထွက်သွားလေရာ။

ထွန်း ။ ။ ဒီဟာ လခကြီး မဟုတ်ဘူးလား။ ဒီလခဟာ ဦးနှောက် နှင့် ယှဉ်ပြီး အလုပ်လုပ်တဲ့လူကိုပေးတဲ့ လခ၊ ကူလီကိုပေးတဲ့ လခ မဟုတ် ဘူး။ ဒါကြောင့် ဒီလောက် လခကို ယူပြီး ခင်ခင်မေကို အလုပ်ထဲမှာ ပေါင်ဒါ ရိုက်တာ၊ မှန်ကြည့်တာကို မလုပ်ရဘူးလို့ ဆိုတာမဟုတ်ဘူး။

ခင် ။ ။ ဒါက မျက်နှာမှာ အဆီထွက်မှ တစ်ခါတလေ ....

ထွန်း ။ ။ ဒါတွေ ထားလိုက်ပါလေ။ ဒါကို ငြင်းခုံနေဖို့ မဟုတ်ပါ ဘူး။ အခု ဖြစ်တာ ခင်ခင်မေမှာ အသိဉာဏ်လိုသွားလို့၊ ဦးမှာ ဒီလို ခက်နေ ရတာ မဟုတ်လား။

ခင် ။ ။ ဒါတော့ ခင် မှားပါတယ်။ ဒီအတွက်လည်း ဝမ်းနည်း ပါတယ်။

ထွန်း ။ ။ ဝမ်းနည်းတာတော့ ဟုတ်ပါတယ်။ ဒီလို ဝမ်းနည်းနေလို့ လည်း ကိစ္စပြီးတာ မဟုတ်ဘူး။ အံ့ပါရဲ့ ခင်ခင်မေရယ်၊ တခြားဟာ မှားလျှင် ကိစ္စမရှိပါဘူး၊ အခုတော့ မြင်းပွဲက စွပ်ဒိုင်ဆီကိုရေးတဲ့စာမှ ငါ့ရန်သူ ဘိုးတုတ်ဆီကို ပါသွားရတယ်။

ဘိုးတုတ်အကြောင်းကို သိတယ်မဟုတ်လား။ ဦးနှင့် တိုင်းရေး ပြည်ရေး ရန်သူကြီး။ သူက ဦးကို မဟုတ်တရုတ် စွပ်စွဲပြီး ဆဲဆိုရေးလိုက်လို့ သူ့ စာကို ချေပပြီး ပြန်ဆဲလိုက်တာအရတော့ ဒီစာက မြင်းစွပ်ဒိုင်ဆီကို ရောက်သွားပြီး၊ မြင်းစွပ်ဒိုင်ကို ပေးလိုက်တဲ့စာက သူ့ဆီကို ရောက်သွားလျှင် ဦးကို မြင်းသမားကြီးလို့ စွပ်စွဲပြီး သူဆဲဖို့ အပေါက်ရသွားလို့ ဒုက္ခမများ ဘူးလား။ ဒီလို စာကို မှားပြီး ထည့်မိလျှင်၊ ဘာပြုလို့ မနေ့က မပြောဘဲ အခု မနက်မှပြောရတာလဲ။

ခင် ။ ။ မနေ့က အိပ်ရာဝင်လို့ အလုပ်ကို သေသေချာချာ ပြန်ပြီး စဉ်းစားတော့မှ မှားမှန်းသိပါတယ်။

ထွန်း ။ ။ အဲဒါကြောင့်လွန်မှ မစဉ်းစားဘဲ၊ အလုပ်လုပ်တဲ့အခါမှာ ဉာဏ်ယှဉ်ရမယ်လို့ ပြောတာ မဟုတ်လား။ အခု ဒီအတွက် ဘယ်လောက် ဒုက္ခများတယ်ဆိုတာ သိရဲ့လား။

ဤသို့ပြောပြီးလျှင် ဦးဘိုးထွန်းမှာ စိတ်ပျက်သော အမူအရာ၊ သုန်မှုန်လှစွာသော မျက်နှာထားနှင့် စဉ်းစားဉာဏ်ကို ထုတ်၍ နေသကဲ့သို့ ရှိလေ၏။

ဦးဘိုးထွန်းမှာ သတင်းစာတိုက်ပိုင်ရှင်၊ ဘုရားလူကြီး၊ တိုင်းပြည်ခေါင်းဆောင်လူကြီးတစ်ယောက် ဖြစ်၍၊ ဦးဘိုးတုတ်နှင့်မူ တိုင်းပြည်ရေးတွင် သဘောကွဲလွဲသည်ကစ၍ တစ်ဦးနှင့်တစ်ဦး အချက်ကို ရှာပြီးနေကြသူများ ဖြစ်ကြရာ၊ ဘုရားလူကြီးလည်း တစ်ယောက်ဖြစ်သူ ဦးဘိုးထွန်းမှာ အကျင့်စာရိတ္တကောင်းကြောင်း၊ သိက္ခာသမာဓိရှိကြောင်းနှင့် မြို့ရွာနိုင်ငံက ချီးမွမ်းကြသော်လည်း၊ ဦးဘိုးတုတ်ကမူ ဦးဘိုးထွန်းအား အမြဲပုတ်ခတ် ပြောဆို၍ နေလေသည်။

ဦးဘိုးတုတ်၏တူ မောင်မောင်တင်မှာ တစ်ခါတရံ မြင်းပွဲကို သွားတတ်သူ ဖြစ်ရာ၊ ဦးဘိုးထွန်းက မောင်မောင်တင်အား အသုံးမကျ၊ အချိန်နှင့် ငွေကို ဖြုန်းနေတဲ့ ကြမ်းပိုးကလေးဟု ပြောဆိုထားသောစကားကို ပြန်လှန်ချေပရန် ဦးဘိုးတုတ်မှာ အမြဲရှာကြံ၍ ဦးဘိုးထွန်း၏ အပြစ်ကို စောင့်ကြပ်ကြည့်ရှု့နေလေသည်။

ဤသို့ ရှိနေသည့်အတွက် ဦးဘိုးထွန်းမှာ မိမိ၏နာမည် မပျက်စေရန် မြင်းစွပ်ဒိုင်ထံ တိတ်တဆိတ် ငွေပို့၍ လောင်းစားကာ မြင်းပွဲသို့ ဘယ်အခါမျှ မသွားသူဖြစ်ရကား၊ မြင်းစွပ်ဒိုင်ထံသို့ ပေးလိုက်သောစာသည် ရန်သူ ဦးဘိုးတုတ်ထံသို့ ရောက်သွားလျှင် မည်မျှအရေးကြီးသည်ဟု ခင်ခင်မေမှာ တွေးမိတိုင်း စိတ်မသက်မသာ ဖြစ်၍နေလေ၏။

ဦးဘိုးထွန်းသည် ဦးဘိုးတုတ်၏အပေါ်၌ အပြစ်ရှိက၊ မိမိ၏ သတင်းစာတွင် ရေးသားရန်အချက်အလက် ရှာနေသည့်နည်းတူ၊ ဦးဘိုးတုတ်မှာလည်း ဦးဘိုးထွန်းအား ရေးစရာ၊ ဆဲစရာ၊ ကော်စရာတို့ကို အမြဲအပြစ်ရှာပြီး နေသူဖြစ်ရကား။ ဤသို့ မှား၍ ထည့်လိုက်သောစာသည် ဦးဘိုးတုတ်၏ လက်သို့သာ ရောက်သွားပါလျှင်၊ ဦးဘိုးတုတ်မှာ ဦးဘိုးထွန်းအား အကိုးအကားနှင့် အပြစ်ဆိုရန် စာလက်ကိုင်ရ၍ သွားပြီး၊ ဦးဘိုးထွန်းမှာ မည်မျှ နာမည်ပျက်၍ ရက်ဖွယ်ကောင်းကာ နောက်လာမည့် ရွေးကောက်ပွဲအတွက် ပင် ခဲခက်၍ သွားမည်ကိုကား ကောင်းစွာ စဉ်းစားမိလေသည်။ ဤကဲ့သို့ ဦးဘိုးထွန်းမှာ အတော်ကြီးစဉ်းစားနေပြီးနောက်။

ထွန်း။ ။ ကဲ – ခင်ခင်မေ ဘာမှ ပြောမနေနှင့်တော့၊ ဘိုးတုတ်

ဆီမှာ ပါသွားတဲ့စာကို ရအောင်ယူပေးရမယ်။

ခင် ။ ။ ဘယ်နှယ့်လုပ်ပြီး ခင် ယူလို့ရနိုင်မလဲ။

ထွန်း။ ။ ဒါ ဦး အလုပ်မဟုတ်ဘူး၊ ဘယ်နှယ့်လုပ်ပြီး ရရ– ရအောင်သာ ယူပေးရမယ်။ အခု မနက် ၁၀ နာရီဆိုလျှင် ပို့စမင်းက ဘိုးတုတ်ဆီမှာ စာကို ပို့တော့မယ်။ ဒီတော့ ဘိုးတုတ်ဟာ စောစော မထတတ်ဘူး။ အဲဒါ ကြံပြီးတော့ ယူပေတော့။ ဒီစာကို ရအောင်မယူနိုင်ရင် ခင်ခင်မေ မနက်ဖြန် အလုပ်မရှိတော့ဘူး။ ဒါပဲ။ ဤသို့ ပြောပြီးနောက် ဦးဘိုးထွန်းမှာ ခင်ခင်မေအား စကားတစ်စုံတရာ ဆက်လက်မပြောလိုသော လက္ခဏာဖြင့် အလုပ်ကို ကုန်း၍ လုပ်ရန် ကလောင်တန်ကို ကိုင်လိုက်ရာ ခင်ခင်မေမှာ နောက်ထပ် စကားပြောဆိုခွင့်မရဘဲ အခန်းထဲမှ ထွက်ခဲ့ရလေ၏။

ခင်ခင်မေမှာ မိမိရရှိသောလစာငွေ တစ်ရာဖြင့် မိခင်မုဆိုးမကြီးအား လုပ်ကျွေးရသည့်အပြင်၊ ညီမကလေး နှစ်ယောက်ကိုလည်း ကျောင်းထားရသည်ဖြစ်ရာ အလုပ်အကိုင်ရှားပါးသော ခေတ်အခါကြီး၌ တစ်လလျှင် တစ်ရာ ရနေသော အလုပ်ပြုတ်၍သွားလျှင် မည်မျှ ဒုက္ခများမည်ကိုကား စဉ်းစားရန် လွယ်ကူလေသည်။

ခင်ခင်မေမှာ ဆုံးဖြတ်ရန် နှစ်လမ်း မရှိ၊ တစ်လမ်းသာရှိ၍ ထိုလမ်းမှာ ဘယ်နည်းနှင့်မဆို ဦးဘိုးတုတ်ထံသို့ မှား၍ပေးလိုက်သော စာကို ရအောင်ယူရန်သာ ဖြစ်ရကား။ ခင်ခင်မေမှာ စာကို မည်သို့ရအောင်ယူမည်ဟု မစဉ်းစား မဆုံးဖြတ်နိုင်မီ မော်တော်ဘတ်စ်ပေါ်သို့ ရောက်ကာ နေလေ၏။

ထိုနေ့ နံနက် ၁၀ နာရီကျော်ကျော် အချိန်တွင် မောင်မောင်တင်မှာ နှစ်ယောက်ထိုင်ကားကလေးကို မိမိကိုယ်တိုင် မောင်းနှင်၍ ကန်တော်ကြီးစောင်းရှိ အိမ်တစ်အိမ်၏ ဝင်းခြံကြီးအတွင်းသို့ မောင်းနှင်၍သွားရာ၊ ၎င်းဝင်းခြံကြီးအတွင်းသို့ ဝင်လျှင်ဝင်ချင်း မောင်မောင်တင်၏ကားမှာ ဇက်ကို ရုတ်တရက်ဆွဲလိုက်သော မြင်း၏ပမာ လျှင်မြန်စွာ ရပ်၍ သွားလေ၏။ ထိုသို့ ရပ်တန့်ပြီးနောက် မောင်မောင်တင်မှာ ၎င်း၏ နှုတ်မှ "ဥစ္စာစောင့်များဖြစ်နေသလား" ဟု ရုတ်တရက် မြည်တွန်တောက်တီးပြီးလျှင် ရှေ့သို့ တဖြည်းဖြည်း တိုး၍ သွားသော်လည်း၊ သရက်ပင်ကြီးအောက်ရှိ ခုံတန်းလျားကလေးပေါ်တွင် ထိုင်၍ နေသောသူငယ်မကလေးမှာ မောင်မောင်တင် လာနေသည်ကို တစ်စုံတရာ မသိသလို ရှိုက်ကာ ရှိုက်ကာသာ ငိုလျက်နေ

လေ၏။

အနီးသို့ရောက်မှ မောင်မောင်တင်သည် သူငယ်မကလေး၏ နောက်မှ ရပ်တန့်ပြီးလျှင် ....

တင် ။ ။ အို ... ဘာဖြစ်နေလို့လဲ။

ဤသို့ မေးသောအခါမှ သူငယ်မသည် မျက်ရည်ရွဲလျက်ရှိသော မျက်လုံးဖြင့် မောင်မောင်တင်အားလှည့်၍ ကြည့်ကာ

သူငယ်မ ။ ။ အမယ် ဒီမှာ ... ဘယ်သူမှမရှိဘူးအောက်မေ့လို့ပါ၊ သည်းခံပါ။

တင် ။ ။ ဘယ်လို ဒုက္ခဖြစ်လာလို့လဲ၊ ကူညီနိုင်လျှင် ကူညီပါ့မယ်၊ လူပဲ မဟုတ်လား။

သူငယ်မ ။ ။ လူပါပဲ၊ ဥစ္စာစောင့် မဟုတ်ပါဘူး၊ စိတ်ညစ်တာနဲ့ ငိုမိတာပါ။

ထိုသို့ ပြောလိုက်ရာ မောင်မောင်တင်မှာ ရေးအခါက တစ်ကြိမ်တခါမျှ မမြင်ဘူးသော ၎င်းသူငယ်မကလေးသည် ဆိတ်ငြိမ်ကျယ်ဝန်းသော ဤခြံကြီးထဲသို့ မည်သည့်အတွက် ရောက်လာသည်ဟု တွေးရခက်သော လက္ခဏာနှင့် သူငယ်မ၏ မျက်နှာကို အကဲခတ်သလိုစိုက်၍ ကြည့်နေရာ ကြည့်လေ ကြည့်လေ သူငယ်မ၏ မျက်စိနှစ်လုံးသည် မိမိအား ညို့၍ ထားသလို ဖြစ်၍လာသည်ကို သတိပြုမိကာ၊ ဤမျှ လှပသော မိန်းမပျိုကလေးသည် ဤနေရာသို့ မည်သည့်အတွက် တစ်ယောက်တည်းရောက်၍ လာရသနည်းဟု တွေးတော၍ မရနိုင်အောင်ရှိလေသဖြင့် ...

တင် ။ ။ ဒီနေရာကို ဘယ်လိုအကြောင်းနှင့် ရောက်လာရတာလဲ၊ တစ်ခါမှလည်း မမြင်ဘူးပါလား။

သူငယ်မ ။ ။ ခင့်နာမည်က ခင်ခင်မေပါ၊ သူဌေးကြီး ဦးဘိုးတုတ်ကို တွေ့ရအောင်လာတာပါ။

တင် ။ ။ သူ့ကို မတွေ့ခဲ့ရဘူး မဟုတ်လား။

ခင် ။ ။ တွေ့ဖို့ မပြောနှင့်၊ သူ့အခန်းထဲကိုတောင် မဝင်ရဘူး၊ သူ့စက္ကထရီကလည်း ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးဘူး။

ခင် ။ ။ ဒီလို မဝင်ရတော့ဘူးဆိုရင် ခင်တော့ အလုပ်ပြုတ်ပြီး ဒုက္ခရောက်ရတော့မှာဘဲ။

တင် ။ ။ ပြောစမ်းပါဦး၊ ဘာကြောင့် အလုပ်ပြုတ်ပြီး ဘယ်လို ဒုက္ခရောက်ရမှာလဲ၊ ကယ်နိုင်လျှင် ကယ်ပါ့မယ်။ ဦးလေးကြီးဆီကို ဝင်ရ အောင်လည်း ကြံပေးဖို့လိုလျှင် ကြံပေးပါ့မယ်။

ခင် ။ ။ ဒီဟာတော့ စာတစ်စောင်အတွက်ပါပဲ။ ခင်က စာအိတ်ချင်းမှားပြီး၊ အဲဒီ ဦးဆီကို မှားတဲ့ စာတစ်စောင် ထည့်လိုက်မိတယ်။

တင် ။ ။ ဒီလို စာကလေးတစ်စောင် မှားပြီး ထည့်မိတာနဲ့ အလုပ်ပြုတ်ရမှာလား။ ဒီလို အမှားမျိုးတော့ သူသူငါငါ လူတိုင်းပဲ မှားမိကြ တာပေါ့။

ခင် ။ ။ ခင်တို့ သူဌေးကတော့ ဒီလို သူသူငါငါ မှားတတ်တဲ့ အတွက်ဖြစ်ပေမယ့် အပြစ်မလွှတ်ဘူး။

ဤသို့ ပြောဆိုပြီးနောက် ခင်ခင်မေက အဖြစ်အပျက်အလုံးစုံကို ဇာတ်ကုန်လုန်၍ ပြောပြရာ မောင်မောင်တင်မှာ နားစိုက်၍ ထောင်နေလေ ၏။ မောင်မောင်တင်မှာ စာရေးကိရိယာ အသုံးအဆောင်များရောင်းသော ဆိုင်တစ်ဆိုင်ဖွင့်၍ ထားရာ၊ ၎င်းဆိုင်အား အခြားသော ၎င်းထက် ငွေရင်းများ သူ အလုပ်ရှင်တစ်ဦးက ပြိုင်ဆိုင်ပြီးလျှင် အလုပ်လုပ်၍ မဖြစ်နိုင်အောင် လုပ်ထားသဖြင့် မိမိ၏ ဆိုင်မပျက်စီးဘဲ အလုပ်ကောင်းမွန်စွာ လုပ်ကိုင်နိုင် ရန်အတွက် မိမိ၏ ဦးလေးထံမှငွေ ငါးထောင်မျှ ချေးရန် လာသော် လည်း ခင်ခင်မေ၏ ဒုက္ခကို တွေ့မြင်နေရသောအခါ မိမိ၏ကိစ္စကို ခေတ္တမျှ မေ့လျော့နေလေ၏။ ခင်ခင်မေမှာ မိမိ၏အဖြစ်အပျက်ကို ပြော၍ပြီးသော အခါ...

တင် ။ ။ ဒါတော့ သိပါပြီ၊ ခင်ရဲ့ သူဌေးဆိုတာ နာမည် ဘယ်သူလဲ။

ခင် ။ ။ ဦးဘိုးထွန်းပေါ့။

တင် ။ ။ ဟင် ... ဦးဘိုးထွန်း၊ သတင်းစာတိုက်ရှင် ဦးဘိုးထွန်း လား။

ခင် ။ ။ ဟုတ်ပါတယ် ကိုကို

တင် ။ ။ ဟာ ... ကိုကို့ အလုပ်ကိုပျက်အောင် ကိုကို့ဆိုင် အနား မှာကပ်ပြီး၊ စာရေးကိရိယာတွေကို ဈေးလျှော့ရောင်းဖို့ ဆိုင်တစ်ဆိုင် လာပြီး ဖွင့်တာ၊ ဒီလူကြီးပေါ့။

ခင် ။ ။ ဒါတော့ ဟုတ်ပါလိမ့်မယ်၊ ဒါပေမဲ့ ခင်တို့မှာတော့ လခစားကိုး။ သဘောကျတာ မကျတာဖယ်ထား၊ လခရတဲ့ဆီမှာ အလုပ်လုပ်ရတာပဲ။ ဒီလို သူတစ်ဖက်သား အလုပ်ပျက်အောင်လုပ်တယ်ဆိုတာ၊ ခင်တော့ အမှန်ဝမ်းနည်းပါတယ်။ သဘောလည်း မကျပါဘူး။

တင် ။ ။ အို ... ဒီဟာ ခင့် အပြစ်အဟုတ်ပါဘူး။ ဦးလေးကြီးဆီကို မှားပြီး ထည့်ပေးလိုက်တဲ့စာက ဘယ်သူ့ဆီကို ပေးဖို့စာလဲ။

ခင် ။ ။ မြင်းစွပ်ဒိုင်ဆီကို ပေးဖို့။

တင် ။ ။ မြင်းလောင်းဖို့ စာလား၊ အမယ် ဒီလူကြီးဟာ ဒါဖြင့် သူတော်ယောင်ကြီးပေါ့၊ တခြားလူ မြင်းပွဲသွားတော့ သူ အကဲ့ရဲ့ဆုံးလူပဲ။ ဒါဖြင့် ဒီစာ နေပေ့စေ၊ ဦးလေးကြီးဆီကို ရောက်သွားမှ သူ့ အကြောင်းကို သိရမယ်။

ခင် ။ ။ သူ့အကြောင်းကို လူတွေသိတာကနောက် ခင့်မှာ အလုပ်လက်မဲ့ဖြစ်ပြီး၊ အခုလို အလုပ်ရှားတဲ့ခေတ်ကြီးမှာ ဒုက္ခရောက်မှာက အရင်ဖြစ်နေတယ် ကိုကိုရဲ့၊ ဦးလေးကြီးဆီက စာကို မရရင်တော့ ခင် ဒုက္ခရောက်ပြီးသားပဲ။

ဤသို့ ပြောလိုက်ရာ မောင်မောင်တင်မှာ များစွာ အခက်အခဲနှင့် ကြုံတွေ့သည့် လက္ခဏာဖြင့် အတော်ကြာစဉ်းစားပြီးနောက်။

တင် ။ ။ ဒီစာကို ပြန်ရအောင် ဘယ်နည်းနှင့်လုပ်မလဲ။

ခင် ။ ။ လာခဲ့တာကတော့ ဒီစာကို ပြန်မရလျှင် ခင် ဒုက္ခရောက်ရတော့မယ့်အကြောင်းနှင့် အားလုံးအဖြစ်အပျက်ကို ကိုကိုတို့ ဦးလေးကြီးဆီမှာ ပြောပြီး၊ စာကို ပြန်တောင်းမယ်လို့ လာခဲ့တာပဲ။

တင် ။ ။ (ခေါင်းခါလျက်) မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒီလို သွားမလုပ်နှင့်။ ဦးလေးကြီးက ဦးဘိုးထွန်းကို ဒီလို နာမည်ဆိုးဖြစ်မယ့် စာကို ရလျှင် သိကြားမင်းတောင်းလို့တောင် ပေးမှာ မဟုတ်ဘူး။ ဒီစာကို လက်ကိုင်ထားပြီး ဦးဘိုးထွန်းကို ကျိုးအောင်ချိုးမှာ၊ စာကိုရအောင် ဉာဏ်ဆင်ပြီး လုပ်ယူမှ ဖြစ်မှာ။

"အဲဒီဉာဏ်က ဘယ်လို ဆင်မှာလဲ"ဟု ခင်ခင်မေသည် မောင်မောင်တင်၏ မျက်နှာကို အားထားယုံကြည်သော လက္ခဏာဖြင့် ကြည့်ရှုမေးမြန်းရာ မောင်မောင်တင်မှာ ခင်ခင်မေ၏ မျက်နှာထားပုံအတွက် အားတက်၍

လာသလိုဖြစ်လာလေ၏။

ဒီစာကို ဦးလေးကြီး မဖတ်ခင် ရအောင်လုပ်ရမယ်။ ဖတ်မိလျှင် ဒုက္ခပဲ။ ဒီတော့ စာကို မြန်မြန်ရအောင် လုပ်ရမယ်။ ကိုင်း ... ထ၊ လိုက်ခဲ့၊ မြန်မြန် သွားမှ ဖြစ်မယ်။

ဤသို့ ပြောရာ ခင်ခင်မေမှာ ချက်ခြင်းပင် အားရဝမ်းသာနှင့် ထ၍ မောင်မောင်တင်၏ နောက်သို့ လိုက်မည်ပြုသော်လည်း စာကို ရအောင် မည်သည့်နည်းနှင့် ယူမည်ဟု မသိသဖြင့်။

တင် ။ ။ လိုက်တာက ဟုတ်ပါပြီ၊ ဘယ်လို လိုက်ရမှာလဲ၊ ဘယ်လို လုပ်ရမှာလဲ။

တင် ။ ။ ခင်ကိုယ်တိုင် လိုက်လာပြီး စာကို အမှတ်တမဲ့ ပြုရ မယ်၊ ဒီတော့ ဦးလေးကြီး အခန်းထဲကို ခင် ဝင်တော့။ ဦးဘိုးထွန်းဆီကလို့ ပြောမပြနှင့် ကြားလား။ အဲဒီလို ပြောပြလျှင် အခန်းထဲက ချက်ချင်းဆွဲထုတ် ခံရတဲ့အပြင် အားလုံး အကြံပျက်ကုန်လိမ့်မယ်။

ခင် ။ ။ ဒါဖြင့် ဘယ်လို ပြောရ၊ ဘယ်လို လုပ်ရမှာလဲ။

တင် ။ ။ အဲဒါလည်း မလွယ်ဘူး။ ဦးလေးကြီးဆီကို မိန်းကလေး တစ်ယောက်ကို အကြောင်းမဲ့သက်သက် ခေါ်သွားရမယ်ဆိုလျှင်လည်း အကြောင်းပြဖို့ လွယ်တာမဟုတ်ဘူး။

ခင် ။ ။ (ပြုံးလျက်) ဟုတ်တယ်၊ ဒါဖြင့် ခင်ဟာ ကိုကိုရဲ့ စက္ကူထရီလို့ ပြောလျှင်ကော။

တင် ။ ။ ဒါက ... သာပြီး မဖြစ်တာပေါ့။ အခု ဦးလေးကြီး ဆီမှာ ငွေငါးထောင် ချေးဖို့လာတာ၊ စက္ကူထရီတွေ ဘာတွေ ငှားနိုင်တယ် ဆိုလျှင် ငွေကြပ်တယ်လို့ ဘယ်နှယ့်လုပ်ပြီး ပြောလို့ဖြစ်မလဲ။

ခင် ။ ။ အဲဒါနှင့် အချိန်တွေ အတော်ကုန်နေပြီ။ ဒါလောက် ရှိလျှင် စာကိုများ ဖတ်ပြီးပြီလား မသိဘူး။ တစ်ခုခု ခပ်မြန်မြန် စဉ်းစားပြီး လုပ်မှပဲ။ ခင်တော့ မကြံတတ်တော့ဘူး၊ စိတ်ရှုပ်နေပြီ။

တင် ။ ။ (အတော်ကြာ တွေ၍ စဉ်းစားပြီးနောက်) အကြံတစ်ခု တော့ ရတယ်။ ဒီတစ်လမ်းပဲ ရှိတယ်၊ ခင်က ဒီအကြံကို လိုက်နိုင်ပါမလား မသိဘူး။

ခင် ။ ။ ဒီစာကို ရဖို့ဆိုလျှင် ဘယ်ဒုက္ခမျိုးပဲ ခံရ ခံရ ...

တင် ။ ။ ဒါက ဒုက္ခခံဖို့ မဟုတ်ပါဘူး။

ခင် ။ ။ ဒါဖြင့် မလိုက်နိုင်စရာ မရှိပါဘူး။

တင် ။ ။ အဲဒီလိုဖြင့် နေရာကျပြီ၊ ဦးလေးကြီးက (မောင်မောင်တင်၊ မင်းအခုလို မနေရဘူး၊ အိမ်ထောင်ပြုရမယ်– ငါသဘောကျတဲ့– သူငယ်မနဲ့ အိမ်ထောင်ပြုလျှင် ငွေငါးထောင် လက်ဖွဲ့မယ်" လို့ ပြောတာ မကြာသေးဘူး၊ ဒီတော့၊ ခင့်ကို။ ကိုကိုရဲ့ ရည်းစားအနေနှင့်သွားပြမှာဘဲ ဝင်ခွင့်ရမယ်– ဒီလိုမဟုတ်ရင်တော့။ ဘယ်နည်းမှ တခြားနည်းလမ်းမရှိတော့ဘူး၊ ဒီလိုဆိုလျှင်တော့ ငွေငါးထောင်လည်း လွယ်လွယ်နှင့်ရမှာဘဲ။

ဤသို့ပြောလိုက်ရာ ခင်ခင်မေမှာ မျက်နှာထားခက်သော အမူအရာနှင့် ခေါင်းကိုအောက်သို့ ငုံ့ကာခေတ္တမျှနေပြီးနောက်၊ ရှက်ကြောက်သော လက္ခဏာနှင့်။

ခင် ။ ။ ဒါက တကယ်မှ မဟုတ်ဘဲ၊ အလုပ်ပြုတ်မခံနိုင်တော့၊ ကိုကို စီမံတာဘဲ နာခံရမှာပေါ့။

ဤသို့ ပြောပြီးနောက် မောင်မောင်တင်နှင့် ခင်ခင်မေတို့ နှစ်ယောက်မှာ အိမ်ဘက်ဆီသို့ လမ်းလျှောက်၍သွားရာ တံခါးဝသို့ ရောက်သောအခါ အရပ်ရှည်ရှည်နှင့်လူကြီးတစ်ယောက်မှာ ခင်ခင်မေအား မသင်္ကာသော မျက်နှာထားနှင့် ကြည့်ရှု၍နေလေ၏။

တင် ။ ။ ဦးကျော်ဖံ မာရဲ့လား၊ ဦးလေးကြီး ရှိသလား။

ဖံ ။ ။ မာပါရဲ့ဗျာ ဦးလေးကြီးလည်း ရှိပါရဲ့။ စာဖတ်ရင်း ဖိုဝင်နေတယ်။

တင် ။ ။ ဘယ်နှယ့်လဲ ဦးလေးကြီး စိတ်များ တိုနေသလား၊သူ့ဆီကို ဝင်ဖို့အခါကောင်းရဲ့လား။

ဖံ ။ ။ ခါတိုင်းလိုပေါ့၊ မောင်မောင်တင်လည်း အသိသားပဲ၊ ဤသို့ ပြောဆိုနေဆဲတွင် ဦးဘိုးတုတ်၏ စက္ကထရီတေရီကြီး ဦးကျော်ဖံမှာ ခင်ခင်မေအား မျက်စောင်းထိုးကာ မသင်္ကာသော အမူအရာနှင့်ကြည့်နေရာ။

တင် ။ ။ ဦးကျော်ဖံ ဦးလေးကြီးက ကျွန်တော့်ကို အိမ်ထောင်ပြုရမယ်ဆိုတာနှင့် ဦးလေးကြီးကို ပြဖို့ ခင်ခင်မေကို ခေါ်လာတယ်၊ ဦးကျော်ဖံလည်း ဒီအချိန်ဆိုတော့ စာတွေဘာတွေနှင့် အလုပ်ရှုပ်နေတယ် ထင်ပါရဲ့။

ဇံ ။ ။ စာတွေဘာတွေတော့ ဒီကနေ့အားလုံး လုပ်ပြီးပါပြီ။ သူဌေးကြီးကို မောင်မောင်တင်လာတယ်လို့ သွားပြီးပြောလိုက်မယ်လေ။ ဒီနားလေးက စောင့်နေပါ။

ဤသို့ပြောပြီးလျှင် ဦးကျော်ဇံမှာ အိမ်ခန်းထဲသို့ ဝင်၍သွားစဉ်၊ မောင်မောင်တင်သည် ခင်ခင်မေအား ဦးကျော်ဇံ၏ အခန်းငယ်ကလေးထဲသို့ လျင်မြန်စွာခေါ်သွားပြီးလျှင်။

တင် ။ ။ ကြည့်စမ်း ခင်ရဲ့၊ စာဒီမှာ ရှိသလား။

ခင် ။ ။ (စာများကို ကြည့်ပြီးနောက်) ဒီမှာ မရှိဘူး။

တင် ။ ။ မရှိဘူး ဟုတ်လား။ ပို့လိုက်လျှင် ဒီစာ ဒီမှာ ရှိရမယ်။

ဤသို့ပြောနေဆဲတွင် ဦးကျော်ဇံ အိမ်ထဲမှပြန်၍ ထွက်ထားသော ခြေသံကို ကြားသဖြင့် မောင်မောင်တင်မှာ ခင်ခင်မ၏ ပခုံးကိုကိုင်ကာ နောက်သို့ အသာအယာ ဆွဲလိုက်ပြီးလျှင်၊ နံရံတွင်ဆွဲချိတ်ထားသော ဦးဘိုးတုတ်၏ ဓာတ်ပုံကို လက်ညှိုးထိုး၍ပြကာ ဒီဟာ ကိုကိုရဲ့ ဦးလေးကြီးပဲ။ ဟာ ... ဦးဇံ ပြန်လာပြီ။ ခု ဒီမှာ ဓာတ်ပုံတွေ ကြည့်ချင်တယ်ဆိုလို့ ပြနေတယ်။ ဦးကျော်ဇံ ဒီကနေ့ အလုပ်များတယ် ထင်တယ်။ စားပွဲမှာ စာတွေ တစ်ပုံကြီးပဲ။ ဒါတောင် စာအကုန် ဟုတ်သေးရဲ့လား။

ဇံ ။ ။ ဒီစာ ဒီနေ့ရောက်တဲ့စာ ဘာကုန်ဟုတ်မလဲ။ သူဌေးနှင့် တိုက်ရိုက်ဆိုင်တဲ့စာကို သူဌေးဆီကို ပို့လိုက်ပြီးပြီ။ ဒီနေ့ စာတစ်စောင် ဘားမားတိုင်း စာပုံနှိပ်တိုက် ဦးဘိုးထွန်းဆီက ရောက်လာတယ်။ အဲဒီစာမှာ အပြင်ကတော့ (ဦးဘိုးတုတ် ပေးရန်) လို့ တပ်ထားပြီး အထဲက စာကတော့ မြင်းစွပ်ဒိုင်ဆီကို၊ မြင်းလောင်းဒိုင်ဆီကို မြင်းလောင်းဖို့အကြောင်း ရေးထားတဲ့ စာဖြစ်တယ်။ ဒါနဲ့ ဒီစာကို မောင်မောင်တင်ရဲ့ ဦးလေးကြီး ကိုယ်တိုင် ဖတ်ဖို့ အခုပဲ သူ့ဆီကို ပို့လိုက်တယ်။

တင် ။ ။ ဟာ ဒါဖြင့် ဒီစာကို ဦးလေးကြီးက ဖတ်ပြီးပြီလား။

ဇံ ။ ။ ဖတ်ရဦးမယ် ထင်သေးဘူး။ သူဌေးက အင်္ဂရိတ်ထိုးတာ စိတ်စွဲလို့၊ ဖိုထဲရှာန်ဝင်နေလျှင် ဘယ်စာကို ဖတ်ချင်တာမှမဟုတ်ဘူး။ သူဖတ်တာက သူဝါသနာပါတဲ့ စာအုပ်လောက်ကိုပဲ ဂရုတစိုက် ဖတ်တယ်။ စာကိုတော့ သူ့ကို နှစ်ခါ သုံးခါသတိပေးနိုင်မှ အနိုင်နိုင်ဖတ်တာပဲ ကဲ ... ဝင်လေ သူဌေးစောင့်နေတယ် ကြာလျှင် စိတ်တိုနေဦးမယ်။

ဤသို့ ပြောလိုက်ရာ မောင်မောင်တင်မှာ ခင်ခင်မေအားခေါ်ပြီးလျှင် ကြီးကျယ်ခမ်းနား၍ စာအုပ်အမျိုးမျိုးတို့ဖြင့် ပြည့်နှက်နေသော ဦးဘိုးတုတ်၏ အခန်းထဲသို့ ဝင်၍သွားကြလေ၏။

ထိုအခန်းတွင်းတွင် စာအုပ်အမျိုးမျိုးအပြင် နောက်ဘက်နားတွင် ခမ်းနားသပ်ရပ်စွာ လုပ်၍ထားသော အင္ဂရိတ် ထည့်ဖိုတစ်ခုလည်း ရှိသဖြင့်။ ဦးဘိုးတုတ်မှာ မိမိ၏ ချစ်လှစွာသော တူလာ၍သာ မိမိ၏ တူတော်မောင် အား စောင့်စား၍ နေလေ၏။

မောင်မောင်တင်နှင့် ခင်ခင်မေတို့ ဝင်လာလျှင် ဦးဘိုးတုတ်မှာ ၎င်းတို့ အား ကြာကြာစကားမပြောဘဲ ကိစ္စပြီးလျှင် ပြီးချင်းပြန်စေလိုသော လက္ခဏာ ဖြင့်...

တုတ် ။ ။ ပြောစမ်း မောင်မောင်တင် မင်းကိစ္စက ဘာကိစ္စလဲ။ မင်းမှာ ဘယ်က ရီးစားများတွေ့လာသလဲ။ မောင်ကျော်ဇံက ငါ့ကို နည်း နည်း ပြောပြီးသွားပါပြီ။ (ခင်ခင်မေအား ကြည့်လျက်) ဩော် ဒီသူငယ်မ လား။ ဟင် မင်းနှင့် မတန်ပါကလား။ ကလေးမက အပုံကြီး ချောတယ်။ သူ့နာမည်က ဘယ်သူလဲ။

တင် ။ ။ ခင်ခင်မေ။

တုတ် ။ ။ သူငယ်မ မိဘက ဘယ်သူလဲ။

ခင် ။ ။ (ရှက်ကြောက်သောဟန်ဖြင့်) ဝန်ထောက် ဦးလူဘော နှင့် ဒေါ်နုပါ။ ဖေဖေတော့ ဆုံးပါပြီ။

တုတ် ။ ။ ဦးလူဘောကို။ ဦး အသိသားဘဲ ပြောစရာမရှိပါဘူး။ ဒါထက် မောင်မောင်တင်။ မင်းတို့ နှစ်ယောက် ထိမ်းမြားမည့် အကြောင်းကို သတင်းစာထဲမှာ ကြော်ငြာပြီးပြီလား။

တင် ။ ။ ဦးလေးကြီး အခွင့်မရလို့ မကြော်ငြာရသေးဘူး။

တုတ် ။ ။ ကဲ ဒါဖြင့် သွားပြီး ကြော်ငြာထည့် မနက်ဖြန် သတင်း စာမှာ ဦးလေးကြီး ဖတ်ချင်တယ်။ အခု ဦးလေးကြီး ခတ်လုံးအတွက် မီးပျက်မခံနိုင်သေးဘူး။ မင်းတို့ နှစ်ယောက်လုံး ထမင်းဒီမှာ စားကြ။ ထမင်း စားရင်းမှ စကားပြောကြရအောင်။ သွား အခုသတင်းစာတိုက်ကို မြန်မြန် သွား။ သူငယ်မကလေးကို အိမ်ရှေ့ခန်းမှာ ထားခဲ့။

ဤသို့ ပြောလိုက်ပြီးလျှင် ဦးဘိုးတုတ်မှာ ဖိုကိုဆွဲရန် ကြိုးစကို

လက်တစ်ဖက်နှင့် လှမ်း၍ကိုင်လိုက်ရာ မောင်မောင်တင်နှင့် ခင်ခင်မေတို့မှာ အလိုက်သိစွာနှင့် အခန်းတွင်းမှ ထွက်ခွာ၍လာကြရလေ၏။

အပြင်သို့ရောက်သောအခါ ခင်ခင်မေမှာ စိတ်မအေးနိုင်သော အမူအရာနှင့်....

ခင် ။ ။ ကိုကို စာကို မြင်ခဲ့ရဲ့လား။

တင် ။ ။ မြင်တော့ မြင်ခဲ့တယ်။ နို့ပေမယ့် ခိုးယူတို့ အများကြီး ခက်နေလို့ သူမြင်မှာစိုးတာနှင့်။ မခိုးဝံ့ဘူး။ နို့ပေမယ့် ကောင်းတာတစ်ခု တော့ လုပ်ခဲ့ပါတယ်။

ခင် ။ ။ ဘာလုပ်ခဲ့သလဲ။

တင် ။ ။ ဦးလေးကြီးရဲ့ မျက်မှန်ကို နေရာရွှေ့ထားတယ်။ ဒီမျက်မှန်မရှိလျှင် သူစာမဖတ်နိုင်ဘူး။ သူမဖတ်နိုင်ခင် နောက်တစ်ပတ် ကြံပြီး စာကို ခိုးရမယ်။ ဒီမျက်မှန်ကို နောက်တော့ ဦးကျော်ဖဲ တွေ့မှာပဲ။

ဤသို့ပြောလိုက်သောအခါ ခင်ခင်မေမှာ စိတ်ပျက်အားလျှော့သော အမူအရာဖြင့် ပြတင်းပေါက်မှ အပြင်ဘက် ဥယျာဉ်အတွင်းဆီသို့ ကြည့်ကာ ဝမ်းနည်းသော လက္ခဏာဖြင့်နေသည့်ကို မောင်မောင်တင် မြင်သဖြင့်...

တင် ။ ။ စိတ်ပျက်နေသလား။ စိတ်မညစ်ပါနှင့်လေ။ ဒီစာကို ရအောင် ကြံပေးပါ့မယ်။

ခင် ။ ။ စာအတွက် စိတ်ညစ်တာ မဟုတ်ပါဘူး။ ကိုကိုရဲ့ ဦးလေးကြီးက ကိုကိုနှင့် ခင် ကြောင်းလမ်းစေ့စပ်ထားတယ်လို့ သတင်းစာမှာ ကြော်ငြာရမယ်ဆိုလို့ပါ။

တင် ။ ။ ဟုတ်တယ်လေ ဒါမှ သူယုံကြည်မှာပေါ့။ ဒီလိုမ မလုပ်လျှင်လဲ ကိုကို့ တစ်သက်လုံး ဦးလေးကြီးက ယုံတော့မှာ မဟုတ်ဘူး။ မယုံလျှင် ငွေငါးထောင်ဝေးလို့ ငါးပြားတောင် နောင်ကို ပြောလို့ ရမှာမဟုတ်တော့ဖူး။

ခင် ။ ။ ဒါဖြင့် ခင်ဟာ ကိုကို့ကို သက်သက်လာပြီး ဒုက္ခပေးသလို ဖြစ်နေပြီ။

တင် ။ ။ အို .... ဒီလိုလဲ မအောက်မေ့နှင့်လေ ကိစ္စမရှိပါဘူး။ အခုလာတဲ့ကိစ္စက ဦးလေးကြီးဆီမှာ ငွေငါးထောင်လောက်ချေးဖို့ လာတာပါ။ ဒီကနေ့ ဒီငွေကိုရလျှင် အလုပ်အကိုင် အားလုံးနေရာကျမယ်။ ဒီငွေကို

မရဘူးဆိုလျှင် ညနေမှာ အလုပ်ပျက်မယ်။ ဒါကြောင့် ဦးလေးကြီးဆီကို အခုသွားရဦးမယ်။ ခင် ဒီမှာ ခဏနေပါဦး။

မောင်မောင်တင်သည် ဦးဖိုးတုတ်၏ အခန်းထဲသို့ နောက်တစ်ကြိမ် ထပ်မံ၍ ဝင်သွားသောအခါ ဦးဘိုးတုတ်မှာ စိတ်တိုသည့်အမူအရာဖြင့်......

တုတ် ။ ။ မောင်မောင်တင် ဝင်လာပြန်ပလား။ အခုနင်ကပဲ ခါတ်လုံးအတွက် မီးပျက်မခံနိုင်ဘူး စကားမပြောအားသေးဘူးလို့ ပြော လိုက်တယ် မဟုတ်လား။

တင် ။ ။ အခုလာတာက အခြားကိစ္စပါ မိန်းမအကြောင်း မဟုတ်ပါဘူး။

တုတ် ။ ။ ပြောပြော မြန်မြန်ပြောစမ်း ဘာကိစ္စပေါ်လာပြန်သ လဲ။

တင် ။ ။ ဦးလေးကြီးဆီက ငွေငါးထောင်လောက် ချေးချင်လို့ ပါ။

တုတ် ။ ။ ဟဲ့ ဘာတဲ့ သေသေချာချာ ပြန်ပြောစမ်းပါ။ ငါးဆယ် လား၊ ငါးထောင်လား။

တင် ။ ။ ငါးထောင်ပါ။

တုတ် ။ ။ ဘာလုပ်ဖို့ ဖြုန်းပစ်မလို့လား။

တင် ။ ။ မဟုတ်ပါဘူး၊ ဘားမားတိုင်း၊ စာပုံနှိပ်တိုက် ဦးဘို ထွန်းက ကျွန်တော် အလုပ်မလုပ်နိုင်အောင် ဖျက်လိုဖျက်ဆီး လုပ်နေလို့ ငွေ ငါးထောင်ကို အမြန် အလုပ်ထဲမှာ ထပ်ထည့်ဖို့ လိုလို့ပါ။ ဒီလိုမှ မရရင် ညနေမှာ အလုပ်ပျက်ပြီး အလုပ်တိုက်ကို အပိတ်ခံရမှာပဲ။

တုတ် ။ ။ မင်း အင်မတန် ဒုက္ခပေးတဲ့ အကောင်။ အခုနင်ကဘဲ သူငယ်မလေးကို ခေါ်လာတယ် အခုပဲ ငွေငါးထောင် လိုချင်တယ် ပြောပြန် ပြီ။ တော်တော်ကြာရင် ဘာအတွက် တစ်ခါလိုချင်ဦးမှာလဲ။ ဟော့...ဟော့ လက်ထဲက စာကို ဘာလုပ်ထားတာလဲ။

မောင်မောင်ထင်သည် လက်မှစာကို ရုတ်တရက် ချလိုက်ပြီးလျှင်။

တင် ။ ။ ဒီစားပွဲပေါ်က ရတဲ့စာပါ။ ခဏယူ ဖတ်ကြည့်တာပါ။

တုတ် ။ ။ အင်း အခုမှ သတိရတယ်။ ဒီဟာ ဘိုးထွန်းဆီက ပေးတဲ့ စာထူးစာဆန်းလို့၊ ကိုကျော်ဇံ ပြောသွားတယ်။ ဖတ်ရဦးမယ် ဟဲ့...

ကြည့်စမ်း ဒီက မျက်မှန်ကော မရှိတော့ပါလား။ ဟော့ ကိုကျော်ဖံ ဒီက မျက်မှန် ဘယ်မှာလဲ။ ဒီကို လာပါဦး မျက်မှန် ဘယ်မှာလဲဟု တံခါးဝမှ ထွက်၍ အော်ရာ စက္ကထရီ ကိုကျော်ဖံမှာ အလွန်ရိုသေသော အမူအရာနှင့် ကျွန်တော် တွေ့အောင်ရှာပေးပါ့မယ်ဟု ပြောရာ မောင်မောင်တင်က ကျွန်တော်လည်း ကူရှာပေးပါ့မယ်ဟု ပြောပြီးလျှင် အခန်းထဲမှ ထွက်လာလေ၏။

နောက်များမကြာမီအတွင်းတွင် ဦးကျော်ဖံမှာ ရှာ၍တွေ့သော မျက်မှန်ကို လက်တစ်ဖက်က ကိုင်ပြီးလျှင် ဝင်လာ၍။

ဖံ ။ ။ ဒီမှာ မျက်မှန် တွေ့ပါပြီ။ အိမ်ရှေ့က ဧည့်သည် တစ်ယောက် သူဌေးကို တွေ့ချင်လို့ စောင့်နေပါတယ်။

တုတ် ။ ။ ဘယ်က ဧည့်သည်လဲ။

ဖံ ။ ။ ဦးဘိုးထွန်း လို့ပြောတာပဲ။

တုတ် ။ ။ ငဘိုးထွန်းက ဒီမှာ သူဘာကိစ္စနှင့် လာရတာလဲ သူ လာလို့ ကိစ္စမရှိပါဘူး။ လွှတ်လိုက်ဗျာ။ ဝင်ခဲ့လို့ပဲ ပြောလိုက်။

မကြာမီအတွင်း ဦးဘိုးထွန်းမှာ ဦးဘိုးတုတ်၏ အခန်းထဲသို့ ဝင်လာပြီးလျှင်။

ထွန်း ။ ။ ဦးဘိုးတုတ် မာရဲ့နော်၊ ကျွန်တော်တော့ စာကလေး အတွက် ထွက်လာခဲ့တာပဲ။

တုတ် ။ ။ စာကလေး၊ ဘာ စာကလေးလဲ၊ ဒီအိမ်မှာ တစ်ကောင်မှ မရှိဘူး။

ထွန်း ။ ။ ဒီစာကို ဒီလောက်ရှိရင် ဦးဘိုးတုတ် ဖတ်လို့တောင် ပြီးပြီ ထင်တယ်။ ဒီစာအတွက်။ ကျွန်တော့် စာရေးမကလေးကိုတောင် ဒီကို စောစောက လွှတ်လိုက်သေးတယ်။ အဲဒီ စာရေးမကလေးက အခုထက်ထိ စာကို ယူမလာတာနဲ့ စိတ်မအေးလို့ ကျွန်တော်ကိုယ်တိုင် ထပ်ပြီး လိုက်လာရတယ်။

တုတ် ။ ။ သြော်... ဟုတ်ရဲ့လား။ ဒါဖြင့် ဟိုစာပေါ့၊ ကျွန်တော် ဖတ်ဖို့ အချိန်မရသေးလို့ အခုတောင် မဖတ်ရသေးပါဘူး။ ဒီကိုတော့ ဘယ်ကစာရေးမကလေးမှ အခု မနက် မလာဖူးသေးပါဘူး။ မိန်းကလေး ဆိုလို့ မောင်မောင်တင်ရဲ့ ရည်းစားတစ်ယောက်ပဲ ဒီမနက် လာသေးတယ်။ ဟော့..... ကိုကျော်ဖံ လာပါဦး။

ဖံ ။ ။ လာပါပြီ။

တုတ် ။ ။ ဟေ့.... ကိုကျော်ဖံ ဦးဘိုးထွန်းက စောစောတုန်းက စာရေးမကလေး တစ်ယောက်ကို ကျုပ်ဆီလွှတ်လိုက်တယ် ပြောတယ်။ ဟိုစာရဲ့ ကိစ္စအတွက်ပေါ့ ဟုတ်လား .... စာရေးမတစ်ယောက် အခု မနက် လာသလား။

ဖံ ။ ။ ဟုတ်ကဲ့ ၉ နာရီ ကျော်ကျော်လောက်တုန်းက သူငယ် မလေးတစ်ယောက် လာပြီး မေးတယ်။ သူဌေးကြီး အလုပ်များနေတယ်လို့ ကျွန်တော်က ပြောလိုက်တာနဲ့ပဲ ပြန်သွားတယ်။ ပြီးတော့ နောက် နာရီဝက် လောက်ကြာတော့ မောင်မောင်တင်နဲ့ အတူတစ်ခေါက်လာကြပြီး မောင် မောင်တင်က သူ့ရည်းစားလို့ ပြောတယ်။

တုတ် ။ ။ သွား ..... ဒီသူငယ်မကို သွားခေါ်လိုက်၊ တယ်ပြီး ဓာတ်ရှုပ်ပါကလား။ ဒီစာလေးအတွက် ဘာအရေးကြီးနေတာလဲ။ ပြစမ်း ဒီစာ။ ဒီစာကို ဖတ်ကြည့်ချင်တယ်။

ဤသို့ပြောပြီးလျှင် ပြောပြောဆိုဆိုနှင့် ဦးဘိုးတုတ်မှာ စာများကို ရှာဖွေရာ။

ထွန်း ။ ။ ဒီစာကို မဖတ်တာ ကောင်းပါတယ်လေ။ ဒီဟာ မှားပြီးရောက်လာတဲ့ စာပါ။ ဒီစာကို မှားထည့်မိလို့ ကျွန်တော် ကိုယ်တိုင် လိုက်လာရတာပေ့ါ။

တုတ် ။ ။ ခင်ဗျား အစက ဘာပြုလို့ ဂရုမစိုက်ရတာလဲ။ ခင်ဗျား မဖတ်စေချင်တဲ့ စာကို ကျွန်တော်လည်း မဖတ်ပါဘူး။ ရော့ ... ယူသွား။

ဤသို့ပြောပြီးလျှင် စာကိုပေးသောအခါ ဦးဘိုးထွန်းသည် လက်ကို လျင်မြန်စွာ ဆန့်တန်းပြီးလျှင် စာကို လှမ်းယူလိုက်ပြီးနောက်၊ ဦးဘိုးထွန်းမှာ ထိုကိစ္စအတွက် လေးနေသော စိတ်များမှာ တစ်ခါတည်း ပေ့ါပါး၍ သွား လေ၏။

ဤအခိုက်အတွင်းတွင် ခင်ခင်မေသည် အခန်းထဲသို့ ဝင်လာရာ ဦးဘိုးထွန်းမှာ ခင်ခင်မေကို လက်ညှိုးထိုး၍ ဦးဘိုးတုတ်၏ဘက်သို့ လှည့်ကာ "ဟောဒါ ကျွန်တော် လွှတ်လိုက်တဲ့ သူငယ်မပဲ။ ခင်ခင်မေ ဘာပြု လို့ ခိုင်းလိုက်တဲ့ကိစ္စကို ပြီးအောင်မလုပ်ပဲ နေရတာလဲ။ ခင်ခင်မေကို ဒီစာကို ပြန်ယူလာဖို့ ခိုင်းလိုက်တယ် မဟုတ်လား၊ အခုအချိန် ဘယ်လောက် လွန်

သွားသလဲ။ ဒါကြောင့် ကိုယ်တိုင်ထပ်ပြီး လိုက်လာရတယ် ဒီလိုဆိုရင် အလုပ်ထုတ်ပစ်ဖို့ပဲ ရှိတယ်။ တိုက်ကိုရောက်လျှင် နင် ထွက်စာ ယူပေတော့။

ဤသို့ ပြောဆိုနေဆဲတွင် မောင်မောင်တင်မှာ ရှေ့သို့တိုးလာပြီးလျှင်..

တင် ။ ။ ဒီလိုလုပ်လို့ ဘာဖြစ်နိုင်မှာလဲ။ ဒီလို ခင်ခင်မေကို ထုတ်ပစ်လိုက်ရင် ဒီစာအတွက် ခက်မှာပေါ့။

ထွန်း ။ ။ ဘာဖြစ်လို့ ခက်ရမှာလဲ။ ဒီစာအကြောင်းကို မောင်ရင်က ဘာသိလို့လဲ။

တင် ။ ။ (ပြုံးလျက်) သိလို့ပေါ့။ ဦးရထားတဲ့ စာကို ဖတ်ကြည့်ပါလား။ ဤသို့ပြောသဖြင့် ဦးဘိုးထွန်းမှာ မခံချင်သောအမူအရာဖြင့် စာအိတ်ထဲမှ စာကို ကပျာကယာ ယူ၍ဖတ်လိုက်ရာ ထိုစာအိတ်ထဲက စာရွက်မှာ စာမပါဘဲ ဗလာစက္ကူဖြစ်၍ နေသည်ကို တွေ့ရလေ၏။

ထွန်း ။ ။ ဒီဟာ ကျုပ်စာ မဟုတ်ဘူး။

တင် ။ ။ ဟုတ်တယ်၊ ဒီစာရွက်အလွတ်နှင့် စာကို ခုနက ဦးလေးကြီးနဲ့ စကားပြောရင်း ကျွန်တော်လဲပြီး ထားလိုက်တယ်။ ဦးဘိုးထွန်းဟာ ကျွန်တော်ရဲ့ အလုပ်မပျက် ပျက်အောင် ကျွန်တော့်ကို တမင်ပြိုင်ပြီး ဈေးလျှော့ရောင်းနေသလို ကျွန်တော်က စိတ်သဘောထား မရှိပါဘူး။

တုတ် ။ ။ ဒီစာအတွက်ဟာ အင်မတန် ရှုပ်နေပါလား။ စာက လေးတစ်စောင်နဲ့ ဒါလောက် ရှုပ်တာ စကားများတာ တစ်ခါမှ မတွေ့ဖူးဘူး။ ဒီစာထဲမှာ ဘာအကြောင်းတွေပါလို့လဲ။

တင် ။ ။ ဒီစာထဲမှာပါတဲ့ အကြောင်းတွေကို ဦးလေးကြီးသာ အားလုံးသိရင် ဒီစာကို ဦးလေးကြီး လက်လွှတ်မှာ မဟုတ်ဘူး။ ဘယ်နှယ့်လဲ ဦးဘိုးထွန်းရဲ့ ဦးလေးကြီးကို ဒီစာပေးလိုက်ရမလား။

ထွန်း ။ ။ မပေးပါနဲ့၊ မလုပ်ပါနဲ့။ ကဲကဲ ဦးကပဲ လျော့ပေးပါမယ်။ တူမောင်တို့ ဦးဘိုးတုတ်နဲ့ ဦးဟာ တိုင်းရေးပြည်ရေး ခွဲမှုတွဲမှုက စပြီး စကားများကြတာ။ အခုတော့ အခွဲ၊ အတွဲ ကိစ္စလည်း ပြီးပါပြီ။ တစ်ယောက်ကို တစ်ယောက် ရန်သူလိုသဘောထားတဲ့ စိတ်တွေကို ဖျောက်လိုက်ကြပါစို့။ ခင်ခင်မေကို အလုပ်က ထုတ်ပစ်မယ်ဆိုတာလည်း အလကား ခြောက်တာပါ။

တင် ။ ။ ဟုတ်ပါတယ်၊ ကျွန်တော်တို့ကလည်း ရန်လိုတဲ့စိတ်

မထားပါဘူး။

ထွန်း ။ ။ ဦးလည်း အသက်ကြီးတော့ တူမောင်တို့လို ဖျတ်ဖျတ်လတ်လတ် လူငယ်တစ်ယောက်ကို အထောက်အထားလိုနေတယ်။ ဦးလည်း မောင့်ရဲ့ အလုပ်ကို ပျက်စီးအောင် အပြိုင်အဆိုင် မလုပ်ချင်ပါဘူး။ မောင့်အလုပ်နဲ့ ဦးရဲ့ ဆိုင်ကိုပေါင်းပြီး စပ်တူ အလုပ်လုပ်ကြပါစို့။

တင် ။ ။ ဟုတ်ကဲ့ ... ကျွန်တော်ကလည်း နှစ်ဦး အကျိုးရှိဖို့ကို မငြင်းပါဘူး။ ဒါပေမဲ့ ဦးလေးက သတင်းစာမှာ မနက်ဖြန်ကို ကြော်ငြာဖတ်ချင်တယ်လို့ အမိန့်ပေးထားတယ်။ သတင်းစာတိုက်ကို အချိန်မလွန်ခင် ပြေးလိုက်ဦးမယ်။ အလုပ်စပ်တူ လုပ်ဖို့ မနက်ဖြန်မှ တိုင်ပင်ကြတာပေါ့။

ဤသို့ ပြောပြီး မောင်မောင်တင်မှာ ထွက်၍သွားရာ ခင်ခင်မေမှာလည်း နောက်ကပါ၍သွားသည်ကို ဦးဘိုးထွန်းမှာ အံ့အားသင့်စွာနှင့် ကြည့်ပြီး ....

ထွန်း ။ ။ သူတို့ ဘာကြော်ငြာထည့်ဖို့ သတင်းစာတိုက်ကို ပြေးကြတာလဲ။

တုတ် ။ ။ သူတို့ နှစ်ယောက် ထိမ်းမြားဖို့ ကြောင်းလမ်းထားတဲ့ အကြောင်းပေါ့။

လူပျို ။ ။ ကိုကိုဟာ အိပ်ရာက နိုးလျှင်နိုးချင်း ခင့်ကို ပထမဆုံး သတိရတာပဲ။

အပျို ။ ။ ကိုကိုတို့ ယောကျ်ားတွေဟာ ဒီလိုချည်းပဲ။ ကိုကိုရဲ့ အစ်ကိုကြီးကလည်း ဒီလိုပဲ ပြောတာပဲ။ ဘယ်ကသာ တယ်လို့ ယူရမှာလဲ။

လူပျို ။ ။ ကိုကိုက အစ်ကိုကြီး အရင်စောစောထတဲ့အတွက် ကိုကိုက သာတာပေါ့။

❐

# လူပါး သံပုံးထိ

ဦးဘိုးစိန်၏ ဇာတ်ပွဲမှာ မြို့တိုင်း၊ ရွာတိုင်းသို့ ခါတိုင်းမရောက်သဖြင့် တစ်ခေါက်တစ်ခေါက်ရောက်သော မြို့ရွာ၌ မြို့သူမြို့သားများမှာ ငါးပါးသော ဒုလ္လဘထက် ကြုံရခဲ၊ ဆုံရခဲလှသော အတိဒုလ္လဘ တရားကြီးကိုရသည်ဟု သဘောထားကာ အလုပ်အကိုင်အကြံအစည်၌ နဂိုကမျှကောင်းစွာ အလေးမမူခဲ့သောစိတ်များမှာ ထိုအခါအတွင်း၌ အလျဉ်းမေ့လျော့၍ နေကြလေသဖြင့်၊ ပွဲဈေးရောင်းသူများမှ တစ်ပါး စီးပွားရေးတို့အရေး၌ အလေးမူသောစိတ်များကို စွန့်ခွာပယ်ရှားပြီးကာ၊ ခြေဖျားတထောက်ထောက်နှင့် တမြော်မြော်နေကြမြဲမှာ ဓမ္မတာတရားပင် ဖြစ်လေ၏။

ငယ်ရွယ်သူများ၏ စိတ်ကို ဘုရားသံ၊ တရားသံတို့က တစ်စုံတစ်ရာ တုန်လှုပ်ပြောင်းလဲအောင် မပြုလုပ်နိုင်သော်လည်း၊ ဦးဘိုးစိန်၏ ဇာတ်ထဲမှ ပတ်မကြီးတစ်ချက်တုတ်လိုက်လျှင် မိန်းမပျိုကလေးရော၊ ယောကျ်ားပျိုကလေးတို့ပါ တလှုပ်လှုပ်၊ တရွရွ၊ တသသ၊ တပြင်ပြင်နှင့် တရှင်ရှင် ဖြစ်နေ၍ နေကြလေ၏။

ထိုကဲ့သို့ ဦးဘိုးစိန်၏ ဇာတ်ပွဲကြီးကို ကန္တလျက်နေသော နေရာမှာ မအူပင်ဒီစတြိတ်မြို့ကလေးတစ်မြို့တွင် ဖြစ်လေသဖြင့်၊ ထိုမြို့ကလေးက မြေပိုင်ရှင်သူဌေး ဦးဘမှာ မိမိ၏ မယားကြီး သေဆုံးနေပြီးနောက် ရကာစနှစ်မကူးသေးသော မယားကလေးအား ပွဲသွားမည်စိုးသဖြင့် အမျိုးမျိုး တရားချလျက်ရှိရာ ....

ဦးဘ ။ ။ မငွေရင်ရယ် … မင်းတို့ ပွဲသွားကြည့်လို့ ကုန်မယ့် ပိုက်ဆံကို မနက်ဖြန် ဝက်သား၊ ကြက်သား ဝယ်စားလိုက်ရတာက အရသာ ခံစားလိုက်ရသေးတယ်။ အလကား မဟုတ်တာနဲ့ ကိုယ့်ကိုယ်ကိုယ် အရူး လုပ်ပြီး ငွေကုန်မခံပါနဲ့။

မငွေရင် ။ ။ ဒါတော့ ကိုယ်ကြိုက်တာ ကိုယ်လုပ်ပေ့ါ။ ထမင်း ကောင်းကောင်း စားတာက လျှာအရသာ၊ ပွဲကြည့်တာက မျက်စိနှင့် နား အရသာဆိုတော့ ပွဲကြည့်တာက အရသာတောင် တစ်ခုပိုသေးတယ်။ ဒီတော့ တစ်ခါတလေ နားရော၊ မျက်စိရော အရသာခံစားချင်တော့ ဘိုးစိန်ပဲ ကြိုက်မိ တာပဲ။ ပိုက်ဆံလေး တစ်ကျပ်၊ နှစ်ကျပ်ကိုလည်း၊ ဒီလောက်တောင် ကပ်စေး နဲ့နေရင်လည်း မကြည့်တော့ပါဘူး။

ဦးဘ ။ ။ ကဲလေ … ပွဲဟာ ညဦးမှာလည်း ပွဲမကောင်းပါဘူး။ လင်းခါနီး ဦးဘိုးစိန် ထွက်တဲ့အချိန်မှပဲ သွားတာပေ့ါ၊ ည ၁၂ နာရီ လောက် အောင် စာရင်းရှင်းဖို့ အလုပ်ရှိနေသေးတယ်။

ဤသို့ပြောလိုက်ရာ ဒေါ်ငွေရင်သည် မိမိ၏ စစ်စီစဉ်းလဲသော ခင်ပွန်း သည်မှာ စကား တစ်ခွန်းကို ပြောဆိုမိလျှင်၊ ပြန်၍ မရုတ်သိမ်းတတ်သည့် သဘောထားကိုလည်း သိရှိပြီး ဖြစ်သဖြင့်၊ မိန်းမ လိမ္မာပီသစွာ ဦးဘ၏ အလိုအတိုင်း ရုံဖွင့်ချိန်မှပွဲသို့ သွားကြည့်ရန် သဘောတူလိုက်ရပြီးလျှင်၊ ဒေါ်ငွေရင်မှာ ၎င်းနေ့တွင် ညစာစောစောချက်ဖို့ ဈေးဝယ်ရန်အတွက် အစေခံ မကလေး မခွေးကိုခေါ်ကာ ဈေးသို့ ထွက်သွားလေ၏။

*

ဦးဘ၏ အိမ်ကြီးမှာ ကျယ်ဝန်းလှသော အိမ်ကြီးဖြစ်သဖြင့် ထိုအိမ် ကြီး၏ နောက်ဖေးဘက်မှာလည်း ဇာတ်ထွက်သကဲ့သို့ တစ်စုံတွဲ ထွက်၍ နေကြရာ ….

မောင်တင် ။ ။ နုကလည်း ဒီလိုနဲ့ အချိန်ဆွဲပြီး ဒီက အသည်း ကြွေရအောင် လုပ်လုပ်နေတာပဲ။ ဘယ်တော့ သေသေချာချာ စကားပြောရ မှာလဲ။

နု ။ ။ အသာနေစမ်းပါဦး။ ဒေါ်ဒေါ်လေး မြင်လို့ အထင် လွဲနေပါဦးမယ်။

ဤသို့ပြောလိုက်ကာ နုနုမှာ အမူအရာ ဣန္ဒြေ တစ်စုံတစ်ရာ မပျက်ပဲ တစ်စုံတစ်ခုမျှ မဖြစ်ပွားသော အနေဖြင့်၊ အိမ်ရှေ့ခန်းဘက်သို့ ထွက်လာရာ နောက်ပိုးမောင်မောင်တင်မှာ နုနု၏ မခံချိမခံသာ ပြုလုပ်နေပုံကို အခံရခက်သလို အားမလို အားမရရှိသလိုဖြင့်။ တက်ခေါက်၍ ကျန်ရစ်ခဲ့လေ၏။

နုနုမှာ ဧည့်ခန်းတွင်ထားသော ပီယာနိုကို တစ်ချက်၊ နှစ်ချက်မျှ နှိပ်ပြီးနောက်၊ တောင်ကြည့် မြောက်ကြည့် ကြည့်ပြီးလျှင် နောက်ဖေးဆောင်ဖက်သို့ တစ်ဖန် ပြန်၍လျှောက်လာခါ စိတ်ပျက်သော အမူအရာဖြင့် ခေါင်းကုပ်ကာနေသော မောင်မောင်တင်ကို ပြုံးစိစိနှင့် မထိတထိ ကြည့်ပြီးလျှင် "ဘယ်နှယ့်လဲ ဆရာ စိတ်ပျက်နေတာလား"ဟု မေးပြီးလျှင် မောင်မောင်တင်၏ အဖြေစကားကို မစောင့်ဘဲ လမ်းလျှောက်မြဲ ဆက်လက်၍ လျှောက်သွားပြန်ရာ မောင်မောင်တင်မှာ "ဘာစိတ်ပျက်တယ်ဆိုတာ နု မသိဘူးလား"ဟု လှမ်း၍ ပြောလိုက်သော်လည်း နုနုမှာ မောင်မောင်တင်၏ ဖြေဆိုရန် ပြောသောစကားကို တစ်စုံတစ်ရာမျှ အရေးမစိုက်သောအနေနှင့် ဣန္ဒြေရစွာ မီးဖိုခန်းဘက်သို့ ထွက်သွား၍ ထမင်းချက်သော ဘိုးစအား လက်ဖက်ရည်ပွဲ ပြင်ရန် အမိန့်ပေးလိုက်ပြီးလျှင် အိမ်ရှေ့ခန်းသို့ တစ်ဖန် ပြန်၍ ထွက်သွားကာ ကုလား ထိုင်ပေါ်မှ ထိုင်ပြီးလျှင် စာအုပ်တစ်အုပ်ကို ဖတ်ကာနေ၏။

ဦးဘမှာမူကား မိမိ၏ မယားပါသမီး နုနုနှင့် မိမိ၏သား၊ မောင်မောင်တင်တို့ မည်သို့မည်ပုံ ဖြစ်ပျက်၍နေသည်ဟု အရိပ်အမြွက်မျှ မသိမကြား၊ ဂရုလည်းမထားပဲ စပါးဈေးကျသည့်အတွက်နှင့် စိတ်အပျက်ကြီး ပျက်ကာ၊ မိမိ၏အခန်းတွင်းမှာသာ စဉ်းစားရင်း တံခါးပိတ်ပြီး တိတ်ဆိတ်စွာ နေလေ၏။

အစေခံ ဘိုးစမှာ၊ သခင်မ နုနု၏ အမိန့်အတိုင်း လက်ဖက်ရည်ပွဲကို ကောင်းစွာပြင်ပြီး၊ ယွန်းလင်ပန်းကလေးနှင့် နုနု၏ အနီးသို့ယူလာပြီးလျှင် မုန့်ကိုမစားဘဲ လက်ဖက်ရည်ပွဲကို မောင်မောင်တင်ထံ ပေးလိုက်ရန် ပြောသဖြင့် ဘိုးစမှာ ထမင်းစားခန်းက စားပွဲတွင် ထိုင်၍ မှိုင်နေသော မောင်မောင်တင်ထံ လက်ဖက်ရည်ပွဲကို သွား၍ ပို့ပြီး နုနုက ပို့ခိုင်းကြောင်းကို ပြောရာ၊ မောင်မောင်တင်မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတော့မလို ဖြစ်လေ၏။

သို့သော် နုနု၏ မထိတထိနှင့်၊ ရိတိတိ ပြုမူပုံမှာ ရာမမင်းကို သွေးဆောင်၍ ခေါ်သော ရွှေသမင်၏ အလားကဲ့သို့ မိတော့မလို၊ ရတော့မလိုနှင့်

အနားကပ်မှ မခံဘဲ။ အသည်းယားစရာ ဖြစ်နေသဖြင့် တော့တော့ဆိုင်ဆိုင် သေသေချာချာ စကားအပြောလည်း မခံဘဲ၊ နုနုမှာ ရောင်ရှားရှု၍သွားပြီး အသည်းယားစရာ လုပ်၍နေသည်မှာ ဤအခါတွင်မကဘဲ အခါပေါင်းများ လုပြီဖြစ်၍ အသည်းယားသည်ထက် အသည်းယားကာ ဘာပဲဖြစ်ဖြစ် နုနု အား ဖွင့်အတင်းနှစ်၍ မရအရပြောတော့မည်ဟု၊ မောင်မောင်တင်သည် စိတ်ကို ဆုံးဖြတ်လိုက်လေ၏။

ဤကဲ့သို့ ဆုံးဖြတ်ချက်နှင့် (ဖမ်းလိုက်ရင် မိတော့မယ်၊ မိလိုက်ရင် ဖမ်းတော့မယ်) ဟု တိုးတိုးကလေး ရေရွတ်ပြောဆိုကာ မောင်မောင်တင်မှာ တစ်ချက်တစ်ချက် တစ်ယောက်တည်း ပြုံးလိုပြုံး၊ တစ်ချက်တစ်ချက် တစ်ယောက်တည်း အံကြိတ်လိုကြိတ်နှင့်ဖြစ်ကာ နုနုအား အားရပါးရနှင့် ဝဝကြီး တွေ့ဆုံပြောဆိုရန် အခါအခွင့်ကိုသာ စောင့်စားလျက်နေလေ၏။

*

"နဝရတ်ကယ်ရောင်စုံ၊ ခင်းပြန့်တုံ။ ပျော်လည်း ခ ပျော်တော် ရုံ၊ ဖူးရွှေငုံငယ်လေ။ မလုံပါပဲ၊ ပုဗ္ဗာပါ ပွားဆင့်ဆင့်ကဲ၊ ခေါ်သံ လိုပဲ ရွှေသည်းမှာ ပန်းအောင်။ ဖြေလည်းခ ဖြေနိုင်ပေါင်၊ နန်းဆောင်မြင့် စက်ရာပျော်လည်း ပျော်မပြေ။ ဆွေးစေအောင် ခုသား၊ ရွှေကိုယ်တော် ဘုန်းမြတ်ဖျား သနားလေမညာ၊ သစ္စာ သွေလွဲ၊ မကြင် ဘယ်တွက်လဲ နည်းစေနာ ကံညွှန်းလို့ ကျွမ်း ကြွေလုဖွယ်၊ ကြုံလာတယ် တစ်ကိုယ်တည်း ထက်နန်းဣန္ဒာ က ရှာလာ တဖွဲဖွဲ ပူရရုံကန်၊ ဘုန်းခင်ကြောင့်ပဲ၊ လာလာ ချိန်မြင်ငယ်မို့ ဖဲစက်ရာပေါ်၊ ညဥ့်သုံးယံ ဆော်လေညှင်းတယ် သွင်းပြန်ပေ့နော်၊ ညိုးလျော်ဆို ငိုရက်ကယ်။ ဘုန်းမေ့ သက် မှူး၊ ဆန်းမာယာ ပိုဖွဲ့တယ် မုန်းလှဲ့သင့်ဘူး"

အထက်ပါ အနောက်နန်းမတော် မမြကလေး ရေးသော ပတ်ပျိုးကို ဆိုကာ စန္ဒရားကြီးကို တီး၍နေသော နုနုမှာ မိမိသီဆိုသော သီချင်းသည် မိမိ၏ စိတ်ကိုပြန်၍ ထိခိုက်သလို လှိုက်လှိုက်လှဲလှဲ စိတ်ထဲကပါကြောင်း လက္ခဏာသည် မျက်နှာတွင်ပေါ်၍နေသည်ဟု ထင်ရ၏။

ထိုသို့ ထင်ရသူမှာ စာရေးသူ၊ စာဖတ်သူ မဟုတ်။ မနီးမဝေးဖြစ်သော မိမိ၏ အခန်းတွင်းမှ စာအုပ်ကိုကိုင်ရင်း စာကို အာရုံမထားပဲ၊ နုနု၏ သီချင်းသံနှင့် နုနုကိုသာ အာရုံစူးစိုက်၍နေသူ မောင်မောင်တင် ဖြစ်လေ၏။

ထိုအချိန်မှာ ညနေစောင်း အချိန်ဖြစ်၍ ဦးဘနှင့် ဒေါ်လှရွှေမှာ နောင်ဘဝတိုင်း ရေစက်ပါစေရန် ဘုရားသွား ကျောင်းတက် ပါရမီဖြည့်ဖို့အတွက် မိမိတို့ဆောက်လုပ်ထားသော ဘုရားတန်ဆောင်းသို့ သွား၍နေသောအခါ ဖြစ်ရကား အိမ်၌ကျန်နေသူ နုနု၏ အဒေါ် ဒေါ်စုမှာလည်း နောက်ဖေး မီးဖိုချောင်တွင် စီမံလုပ်ကိုင်လျက်နေဆဲဖြစ်ရာ အခါအခွင့်ကို စောင့်စားလျက်နေသူ မောင်မောင်တင်မှာ ဒီတစ်ခါတော့ ဘာပဲဖြစ်ဖြစ် ဖွင့်နှစ်တော့မည် အကြံပြုမိလေ၏။

ဤသို့ အကြံပြုပြီးလျှင် 'ဒီတစ်ခါ သိရောပေါ့ နုနုရယ်' ဟု တိုးတိုးဖြစ်သော်လည်း အံကြိတ်ကာ ပြောဆိုပြီးလျှင် မောင်မောင်တင်သည် တစ်စုံတစ်ခုကို အတင်းပြုတော့မည့် လက္ခဏာဖြင့် မိမိ၏ အခန်းတွင်းမှ နုနုရှိရာ ဧည့်ခန်းဘက်သို့ ထွက်၍ လာခဲ့လေ၏။

နုနုမှာ သီချင်းကလည်း မဆုံး တစ်ဆုံး မျက်နှာကလည်း မပြုံး တစ်ပြုံးနှင့် မောင်မောင်တင်အားလည်း လုံးလုံးကြီး ဂရုမစိုက်လှသလို မျက်နှာထားနှင့် ရှိနေသဖြင့်။

တင် ။ ။ နုရဲ့ ဘယ့်နှယ့် သောင်မတင်ရေမကျနဲ့ အနေရခက်အောင် လုပ်နေတာလဲ။

နု ။ ။ ဘာပြုလို့လဲ၊ နု ကုန်းပေါ်မှာနေတာပဲ။ ရေထဲ တစ်ခါမှ လိမ့်မကျဘူး၊ ဘာဖြစ်လို့လဲ။

တင် ။ ။ အဲဒီလို မသိချင်ယောင်ဆောင် မနေစမ်းပါနဲ့ နုရယ်၊ ဒီမှာ မအိပ်နိုင် မစားနိုင်ဖြစ်နေတာ မသနားဘူးလား။

နု ။ ။ ဘယ့်နှယ် ကိုကိုတင်က မေးရတာလဲ၊ ဒီလောက် စိတ်မရိုင်းပါဘူး။ လူကို သနားတတ်ပါတယ်။

တင် ။ ။ (အားတက်လာသဖြင့်) ကဲ ... ဒါဖြင့် ကိုကိုတင် မစားနိုင် မအိပ်နိုင် ဖြစ်နေတာကို မည္ဘာတာဘဲ အဲဒါလောက်တောင် ရက်စက်နေရသလား။

နု ။ ။ ကိုကိုတင် ဒီလိုမစားနိုင်၊ မအိပ်နိုင်ဖြစ်နေတာ နုမှ

မသိ ပဲ။ သိရင် အစောကြီးက ဆရာဝန်ခေါ်ပေးဖို့ မေမေနဲ့ ဖေဖေကြီးကို ပြောမှာ ပေါ့။

တင် ။ ။ ဒါက ဆရာဝန်ကုလို့ ပျောက်မှာ မဟုတ်ပါဘူး။ နု…ကုမှ။

နု ။ ။ အို မဟုတ်နိုင်တာပဲ၊ နုက ဆေးဆရာဝန်မှ မဟုတ်ဘဲ၊ နုကုရင် ကိုကိုတင်ကို ဘယ်သနားရာရောက်မလဲ၊ မေမေပြန်ရင် ဒေါက်တာ ဘခင်ကို ခေါ်ပေးမယ်လေ။ ဒါပေမဲ့ မနေ့က နု မြင်တော့ ကိုကိုတင် ထမင်း စားတာ အများကြီးပဲ။

ထိုသို့ နုနု ပြောဆိုနေသော စကားမှာ မောင်မောင်တင် ပြောနေသော နောက်ပိုးစကား၏ အဓိပ္ပာယ်ကို မရောက်၊ အပေါက်ကို မထိဘဲ ရှိနေရာ၊ မောင်မောင်တင်မှာ များစွာစိတ်ပျက်သောအမူအရာနှင့် ခေါင်းကို လက်ယာ လက်ဖြင့် ကုပ်ပြီး ဉာဏ်ထုတ်လျက်နေရာ၊ ဦးဘနှင့်ဒေါ်လုရွှေတို့ ဘုရားမှ ပြန်လာကြသဖြင့် ဟန်အမူအရာ မပျက်စေဘဲ မောင်မောင်တင်မှာ မိမိ၏ အခန်းအတွင်းသို့ ဝင်ကာ စာဖတ်လျက် ရှိနေလေ၏။

နေဝင်၍ ဦးဘိုးစိန်၏ ပွဲမှ ပတ်မကြီးကို တုတ်လိုက်သောအခါ၊ သေးငယ်သော မြို့ကလေးမှာ ဆူဆူညံညံ တုန်လှုပ်ပြီး တလှုပ်လှုပ် တရွရွ ဖြစ်ကာ၊ ဝတ်စားတန်ဆာကို ဆင်သူကဆင်၊ ရုံအဝင်နောက်မကျအောင် အပေါက်ဝက စောင့်သူစောင့်၊ ပွဲကိုမသွားရသဖြင့် လူကြီးမိဘကို ဆောင့်သူ ကဆောင့်နှင့် ဖြစ်၍နေကာ ရှိနေကြသည့် အတွင်းတွင်၊ သူဌေးကြီး ဦးဘ၏ အိမ်မှာလည်း အလျဉ်းလွတ်သည် မဟုတ်ပေ။ ဦးဘ၏ အိမ်မှာ ဇာတ်ရုံနှင့် မဝေးလှဘဲ၊ ဆိုင်းသံကို ဦးဘအိမ်မှ ကြား၍ ဒေါ်လုရွှေ၏ စိတ်ကိုလည်း ဆိုင်းသံက ဖိတ်ကြားနှိုးဆောင်လျက်ရှိရာ၊ ဒေါ်လုရွှေမှာ လူငယ်မဟုတ် သဖြင့် ဆူထား အောင့်ထားမလုပ်သော်လည်း မျက်နှာပုတ်ပုတ်နှင့် ခေါင်းကုပ်ပြီးနေလေရာ ဦးဘမှာ လူပါးလူနပ်တစ်ယောက် ဖြစ်သည့်အတိုင်း ဒေါ်လုရွှေ၏ အမူအရာကို မသိယောင်ဆောင်ကာ စာဖတ်၍ နေလေ၏။

ဤသို့ ဦးဘသည် စာဖတ်သဖြင့် အတော်ညဉ့်နက်သောအခါ ဒေါ်လု ရွှေနှင့်လည်းကောင်း၊ ညီမအပျိုကြီး ဒေါ်စုတို့မှာ တိုင်ပင်စပြုကြလေ၏။

စု ။ ။ မမရယ် မမတို့အိမ်ထောင်ပြုရတာ ဒါတွေ ဒုက္ခများ တာပဲ။ အိမ်နားကပ်နေတဲ့ပွဲဟာ အင်မတန် ကြဲခဲတာတောင် မကြည့်ရဘူး။

နနတော့ စိတ်ကောက်ပြီး အစောကြီးအိပ်နေပြီ။ ရုံဖွင့်တော့မှ လိုက်မကြည့်ချင်ဘူး၊ ရက်တယ်တဲ့။

ရွှေ ။ ။ ကိုဘ သဘောကို ညည်း အသိသားပဲ စုစုရယ်၊ သူ့စကားကို နားထောင်မှ ကြိုက်တာ၊ နနလည်း မလိုက်တာပဲ ကောင်းပါတယ်လေ။ တို့ညီမ ရုံဖွင့်မှပဲ သွားတာပေါ့။ နနကို မနှိုးနဲ့၊ သူမသိအောင် သွားမယ်။ ကိုဘလည်း မလိုက်ဘူး။ ခေါင်းရင်းအိမ်က မမိုန်နဲ့ ကိုကြွက်တို့လဲ လိုက်ကြလိမ့်မယ်။ သူတို့နှင့် အတူတူသွားတာပေါ့။

လောကကြီး၌ ဆိပ်ကွယ်ရာ အရပ်မရှိဟု ဆိုသော စကားမှာ နေရာတိုင်းနှင့် သက်ဆိုင်ရကား၊ လျှို့ဝှက်ရန်များစွာ အရေးကြီးသော ဒေါ်လုရွှေတို့ညီအစ်မပြောဆိုသော စကားကိုမူကား ကြားသူရှိသည် မဟုတ်ချေ။

မောင်မောင်တင်မှာ အချက်အလက်နှင့် အကွက်ကို ချောင်းမြောင်း၍ နေသူဖြစ်သဖြင့် ၎င်း၏ အတွက်အချက်ဖြစ်သော စကားကို အဘယ်မှာ နားမထောင်ဘဲ နေအံ့နည်း။

စကားပြောဆို၍နေကြသော ဒေါ်လုရွှေတို့ ညီအစ်မမှာ မိမိတို့ ပြောဆိုသောစကားသည် များစွာအရေးကြီးသည်ဟု မထင်မြင် ဂရုမထားမိသော်လည်း၊ မိမိ၏ အခန်းတွင်းမှ နားစွင့်၍နေသော မောင်မောင်တင်၏အတွက်မှာ များစွာအရေးကြီးသဖြင့် ထိုစကားကို ကြားလျှင်ကြားချင်း မောင်မောင်တင်၏ စိတ်နှလုံးမှာ များစွာလှုပ်ရှားလျက် ရှိလေ၏။

*

ထိုနေ့ညဉ့်တွင် ဦးဘ၏ အိမ်၌ အခြားအိမ်သားများမှာ အိပ်ပျော်လျက်ရှိကြစဉ် မအိပ်နိုင်ဘဲ ဒုက္ခခံ၍ နေရသူတစ်ဦး ရှိလေ၏။ ထိုသို့ မအိပ်နိုင်ဘဲ ရှိနေသူမှာ၊ အိပ်ရာထဲတွင် ဘယ်လှည့်ညာပြန်ဖြင့် အတန်တန်လူးလိမ့်လျက် ရှိနေ၍ တစ်ခါတစ်ခါ သက်မကြီးချပြီး အသက်ကို ရှူ၊ ရင်ထဲက ပူသဖြင့် လူးလိုလူးနှင့်နေသော်လည်း မိမိ၏ ရင်ထဲ၌ မချိမဆန့်နေကြောင်းကိုကား မည်သူ့ကိုမျှဖွင့်ဟ၍ မပြောနိုင်ဘဲ ရှိလေ၏။

ထိုသူမှာ ထိုသို့ရင်ထဲက ပူရုံမျှမကဘဲ ချွေးစီးကြီးများပင် ကျလျက်လာကာ၊ ရေမှာလည်း မကြာမကြာ ငတ်လျက် ပါးစပ်မှလည်း ကယောင်ကတန်း ပြောသကဲ့သို့ တစ်ချက်တစ်ချက် "အမယ်လေး ဒုက္ခပဲ နနရေ ဒုက္ခ၊

ဒုက္ခ”ဟု တိုးတိုးကလေး မြည်တွန်တောက်တီးလျက်ရှိသော မောင်မောင်တင်ပင် ဖြစ်လေ၏။

မောင်မောင်တင်မှာ ဤသို့ အိပ်မပျော်ခြင်းမှာ နုနု၏အပေါ်၌ ချစ်ခင်သောစိတ်၊ စွဲလမ်းသောစိတ်၊ နုနု၏ မထိမခိုက်နှင့်၊ မတင်မကျ ပြောဆိုပြုမူပုံတို့ကို မခံနိုင်သော စိတ်တို့ဖြင့်၊ ယနေ့ညဥ့် ဖွတ်မိုက်၍ စွန့်စားပြီးလျှင်။ နုနုအား မရလျှင် အရကြံမည်ဟု စိတ်မာန်ကို ရဲအောင်တင်းပြီးလျှင် ရဲစိတ်ကို သွင်း၍ နေသော်လည်း၊ ရဲစိတ်ထဲတွင် ကြောက်စိတ်က တစ်ချက် တစ်ချက်ဝင်၍ ဖောက်ကာ။ နောက်သို့ ဆွဲ၍ထားသဖြင့် မောင်မောင်တင်မှာ ကြောက်စိတ်နှင့် ရဲစိတ်တို့၏ လွန်ဆွဲခြင်းအတွက် စိတ်မှာ အလွန်တရာ ပင်ပန်းကာ တစ်ညဥ့်လုံး မအိပ်နိုင်ဘဲ ရှိလေ၏။

မောင်မောင်တင် ပြုလုပ်ကြံစည်ထားသော အကြံအစည်မှာ၊ သေးငယ်သော အကြံအစည် မဟုတ်ရကား။ ဤကဲ့သို့ အကြံအစည်မျိုးကို ကြံစည်စိတ်ကူးမိသဖြင့် အိပ်၍ မပျော်ခြင်းအတွက် မောင်မောင်တင်အား ယောကျ်ားမပီသဘူးဟု ပြောဆိုရန် မရှိချေ။

ထိုကဲ့သို့ မောင်မောင်တင်မှာ တလူးလူး တလိမ့်လိမ့်နေရင်း အချိန်သည် တဖြည်းဖြည်းရွေ့၍လာခဲ့ရာ နံနက်လေးနာရီ ထိုးသောအခါ ဦးဘ၏အခန်းမှ နာရီနိုးစက်သံသည် ဆူဆူညံညံ ထွက်ပေါ်၍လာလေ၏။

ဤသို့ နာရီနိုးစက်သံကြားပြီး၊ မကြာမီအတွင်းတွင်ပင်၊ မောင်မောင်တင်၏ တံခါးကိုအပြင်ဘက်မှနေ၍ လက်သီးနှင့်ထုပြီးလျှင် “ဟ မောင်မောင်တင် ထ...ထ... ထစမ်း” ဟု အော်ဟစ်၍ ခေါ်လိုက်သော မိမိ၏ ဖခင်ဦးဘ၏ အသံကိုကြားသဖြင့် မောင်မောင်တင်မှာ တံခါးကိုဖွင့်၍၊ အပြင်သို့ ထွက်လာရာ၊ အဝတ်လဲလျက်ရှိကြသော ဒေါ်လှရွှေတို့ ညီအစ်မကို တွေ့ရလေသည်။

ရွှေ ။ ။ ဟော့ ... မောင်မောင်တင် ပွဲလိုက်မလား။

တင် ။ ။ ကျွန်တော် မကြည့်ချင်ဘူး။

ရွှေ ။ ။ ဒါဖြင့် တို့ကို ရုံဝထိအောင်ပဲ လိုက်ပြီး ပို့ပေးစမ်းပါဟယ်။ ပြီးတော့ ပြန်လာတာပေါ့၊ ဖြည်းဖြည်းလည်း လုပ်မနေနဲ့၊ နုနု နိုးလျှင်လိုက်ချင်နေဦးမယ်၊ သူမသိအောင် သွားရမယ်။ ဤသို့ ပြောပြီးနောက် ပွဲသို့သွားကြရာ အခြားလူများမှာ စကားတပြောပြောနှင့် ရယ်ကာမောကာ

သွားကြလေသော်လည်း လိုက်၍ပို့သော မောင်မောင်တင်မှာ ရယ်ရွှင်ခြင်းလည်း မရှိ၊ စကားလည်း မပြောဘဲ မိမိ၏ သန္နိဋ္ဌာန်ချထားသောအမှုကို ပြုလုပ်ရန် စိတ်ကူးဖြင့်သာ အောက်သို့မျက်နှာကို ခပ်စိုက်စိုက်ထားကာ၊ လမ်းလျှောက်လျက်ပါလာသည်ကို အတူပွဲသို့ လာသူများသည် သတိမထားမိကြချေ။

မောင်မောင်တင်မှာ ဒေါ်လှရွှေတို့ လူစုအား ရုံအဝင်ဝသို့ ပို့ပြီးလျှင် ပြီးချင်း လှည့်၍ပြန်ခဲ့လေ၏။

မောင်မောင်တင်၏ သံန္နိဋ္ဌာန်ချထားချက်ကို ပြုလုပ်ရန် အချိန်မှာ ပွဲသို့ လိုက်၍ပို့သော အချိန်ထက်၊ အိမ်သို့ပြန်သော အချိန်မှာ သာ၍ နီးကပ်လာရာကား၊ မိမိ၏ အနီးသို့ရောက်သောအခါ၊ မောင်မောင်တင်၏ နှလုံးသာလျှင် တုန်လှုပ်လျက် ရှိသည်မဟုတ်။ မောင်မောင်တင်၏ ဒူးနှစ်ဖက်မှာလည်း ခြေတစ်လှမ်းလှမ်းထက် တစ်လှမ်းတိုး၍ တုန်လှုပ်ကာလာလေ၏။

မောင်မောင်တင်မှာ နုနုနှင့် အတူတစ်ခန်းတည်း အိပ်သူ နုနု၏ အဒေါ်ဒေါ်စုသည် နုနုအား မနိုးဘဲ ပွဲသို့တိတ်တဆိတ်သွားကြောင်းကို ကြားသိရပြီးဖြစ်၍ မိမိအား မချိမခံသာနှင့် အခါတိုင်း မထိတထိနှင့် ရိတ်တိလုပ်နေသော နုနုအား၊ ဤအကြိမ်တွင် မထိတထိ မလုပ်နိုင်အောင် ပိုင်ပိုင်ကြီး မေးခွန်းထုတ်ပြီး "အဟုတ်ကို ချစ်ပါတယ်" ဟု မသွယ်မဝိုက် တိုက်ရိုက်စကားအပြန်ရစေမည်ဟု သံန္နိဋ္ဌာန်ချကာ၊ နုနု အိပ်ပျော်နေသဖြင့် အတွင်းမှ ကလန့်မချပဲထားသော နုနု၏ အခန်းတံခါးမှ ခြေသံမကြားရအောင် ဝင်ကာ ချဉ်ပေါင်ရွက်သည် မောင်မှိုင်း၏ ပိုင်းလုံးမျိုးလုပ်ရန် အကြံအစည် ဖြစ်လေ၏။

ဤသို့သော အကြံဖြင့် ခြေသံမကြားအောင် ခြေဖျားထောက်ကာ မောင်မောင်တင်မှာ သူခိုးပမာ ခြေဖျားထောက်ခါ တက်၍လာရာ၊ ရေနံဆီဖိုးနှမြောသော ဦးဘမှာ မီးအိမ်ကို ငြိမ်းပြီးလျှင် အိပ်၍နေသဖြင့် တစ်အိမ်လုံး တိတ်ဆိတ်မှောင်မည်းပြီးလျှင် မောင်မောင်တင်တစ်ယောက်တည်းမှာသာ အလုပ်ရှုပ်၍ နေလေ၏။

ဤကဲ့သို့ တထိတ်ထိတ်နှင့် နုနု၏ အိပ်ရာဆီသို့ သွားနေသော မောင်မောင်တင်မှာ မိမိ၏ တဆတ်ဆတ်တုန်လျက်ရှိသော ဒူးများကို အားစိုက်ကာ ထိန်းအုပ်ပြီးလျှင် နုနု၏ တံခါးဝဆီသို့သွား၍ တံခါးဝသို့ ရောက်

သဖြင့် အသာအယာတံခါးကို ဆွဲဖွင့်လိုက်ရာ အတွင်းက ကန့်လန့် မထိုး ထားသော တံခါးမှာ မောင်မောင်တင်၏ အလိုသို့လိုက်ကာ အသာအယာ ပွင့်၍ လာလေ၏။

ဤသို့ တံခါးပွင့်၍သွားသောအခါ မောင်မောင်တင်မှာ ကြက်သီးများ ထ၍လာကာ နုနု နိုးလျှင် ထ၍များအော်လိုက်မည်လားဟု စဉ်းစားပြီးလျှင် ကြောက်အားပိုသည်ထက် ပို၍လာလေ၏။

သို့သော် မောင်မောင်တင်မှာ ထိုသို့သော အခြေအနေကိုရောက်ပြီးမှ နောက်သို့ပြန်ဆုတ်ရန် မရှိသည့်အတိုင်း ရှေ့သို့ဇွတ်မှိတ်၍ တိုးသွားပြီးလျှင် မောင်မောင်တင်မှာ တုန်လှုပ်အေးစက်လျက်ရှိသော လက်တစ်ဖက်ဖြင့် နုနု ၏ ခုတင်ပေါင်ကိုကိုင်လျက် အခြားလက်တစ်ဖက်ဖြင့် နုနု၏အိပ်ရာပေါ်သို့ စမ်းလိုက်ရာ နုနုမှာ အိပ်ရာပေါ်၌ မရှိတော့သည်ကို တွေ့ရသဖြင့် နဂိုက တုန်လှုပ်လျက်ရှိသော မောင်မောင်တင်၏ စိတ်မှာ နောက်ထပ်ပိုမို၍ တုန် လှုပ်လာပြီးလျှင် ၎င်း၏ ဦးခေါင်းမှာ ချာချာလည်သကဲ့သို့ ဖြစ်၍ သွားလေ ၏။

ဤသို့ဖြစ်သွားပြီးနောက် ပထမ နုနုကို ကြောက်သဖြင့် တုန်လှုပ်ခဲ့ သော စိတ်တို့သည် ပျောက်ပြယ်၍သွားကာ နုနု ပျောက်သဖြင့် တုန်လှုပ် ပူပန်၊ စိုးရိမ်ကြောင့်ကြ၊ လွမ်းဆွတ်ကြေကွဲသောစိတ်တို့မှာ မောင်မောင်တင် ၏ ဝမ်းထဲတွင် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာလေ၏။

နုနုသည် အဘယ်ကို ပျောက်၍သွားသနည်း။ အဘယ်ကိုရောက်၍ သွားသနည်း။ နုနုမှာ မောင်မောင်တင်ကို ချစ်ယောင်ကြိုက်ယောင်မှု ဆောင် ပြီးလျှင် တကယ်အစစ် နုနု ချစ်သော ရည်းစားနောက်လိုက်၍ ပြေးပြီလော။ အိမ်သို့မကြာမကြာလာပြီးလျှင် နုနုကို ပိုးနေသော စက်သူဌေးသား မောင် တင်ညွန့်သည် ညဉ့်ဦးက အိမ်ရှေ့၌ ယောင်လည်ယောင်လည်နှင့် လာပြီး လျှင် မသက်မသာ ဖြစ်ရလေ၏။ ... 

ထိုသို့စဉ်းစားပြီးနောက် မောင်မောင်တင်မှာ နုနုသည် ပုန်း၍ပင် နေသလားဟု တစ်မျိုးစဉ်းစားမိပြီးလျှင် ခုတင်၏ အောက်တွင် လက်နှင့်